# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် | ၂၀၁၆ ခုနှစ်၊ မတ် ၂၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၇၅)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)

## အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံ့တာဝန်နှင့် တပ်မတော်တာဝန်များကို ကျန်းမာစွာ ထမ်းဆောင်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်

**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ခါးကျီးပေါင်းရောဂါကြောင့် အာရုံကြောညပ်ခြင်း (Lumbar Spondylosis with Spinal Stenosis) ဝေဒနာခံစားခဲ့ရသဖြင့် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) နေပြည်တော်၌ အိန္ဒိယနိုင်ငံမှ ပါရဂူများနှင့် မြန်မာ့တပ်မတော် ဆေးတပ်ဖွဲ့တို့ပူးပေါင်း၍ အရေးပေါ်ခွဲစိတ်ကုသမှုအား ၂ နာရီကြာ ပြုလုပ်ခဲ့ပါသည်။

ခွဲစိတ်ကုသမှုအောင်မြင်ပြီး ယခုအခါ နိုင်ငံ့တာဝန်နှင့် တပ်မတော်တာဝန်များကို ကျန်းမာစွာ ထမ်းဆောင်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်

**နေပြည်တော် မတ် ၂၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၇၁ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၆ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➜*




**အမြင့်ဆုံး နေ့အပူချိန်များ (၂၃ - ၃ - ၂၀၁၆)**

| | | |
|---|---|---|
| ချောက်မြို့ | ၃၉ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| သိမ်ဇရပ်မြို့ | ၃၉ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံမြို့ | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မော်လမြိုင်မြို့ | ၃၈ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူးမြို့ | ၃၈ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |


**ယနေ့ ဖတ်စရာ**

အမြတ်တနိုးတန်ဖိုးထားဖွယ်ရာ ဇာနည်သားကောင်းများ — ဆောင်းပါး ➢ စာ - ၆

သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာ စောင့်ကြည့်စို့ — ဆောင်းပါး ➢ စာ - ၁၀





တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

❍ ရှေ့ဖုံးမှ

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဖွဲ့စည်းသွားမည်**

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒကျော်စွာနှင့် အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လွှတ်တော်သို့တင်ပြ**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်နှင့် အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို မတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲ ကြည့်ရှုအားပေး





**နေပြည်တော် မတ် ၂၃**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ တစ်ချိန်တည်း ကျင်းပသည်။

သွေးလှူဒါန်းပွဲ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းစုစုပေါင်း ၂၁၆ ဦးတို့က ဂုဏ်ပြုသွေးလှူဒါန်းကြရာ သွေးလှူရှင် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဆေးရုံအုပ်ကြီး ဒေါက်တာ သောင်းလှိုင်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဒုတိယတပ်မှူး ဗိုလ်မှူးကြီး ဇော်လင်းအောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားကာ သွေးအလှူရှင်များကို အာဟာရ ဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ကျင်းပသည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်း စုစုပေါင်း ၂၁၆ ဦးတို့က စုပေါင်း သွေးလှူဒါန်းခဲ့ကြပြီး မတ် ၂၄ ရက်တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်း ၁၅၈ ဦးတို့က ဆက်လက်ဂုဏ်ပြုသွေးလှူဒါန်းကြမည် ဖြစ်ရာ စုစုပေါင်းသွေးလှူဒါန်းသူ ၃၇၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။





**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# စစ်တွေမြို့နယ်ရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကျင်းပ



**စစ်တွေ မတ် ၂၃**

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန် စိစစ်ဆောင်ရွက်နေမှု၊ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် စစ်တွေမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးတွင်း အောက်ဆီဂျင်တိုင်းတာပေးခြင်း၊ ဆီးချို သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးရောဂါစစ်ဆေးခြင်းနှင့် အီးစီဂျီရိုက်ပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ လိုအပ်သောဆေးဝါးများ အခမဲ့ထုတ်ပေးနေမှုတို့ကို ကြည့်ရှုအားပေးကြကာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ဗုဒ္ဓပြတိုက်အတွင်းရှိဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဗုဒ္ဓပြတိုက်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှေးဟောင်းအမွေထိန်းသိမ်းစို့လေပြခန်း ပြန်လည်ပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)၊ ဓာတ်ပုံ-ဝင်းမင်းစိုး**

# (၆၆)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၃**

(၆၆)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရုံးအမှတ်(၅) ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းနယ်ပယ်နှင့် သက်ဆိုင်သောဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားများအား နှစ်စဉ် မတ်လ ၂၃ ရက်နေ့ ရောက်တိုင်း ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ပါကြောင်း၊ ယခု ၂၀၂၆ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ ဆောင်ပုဒ်သည် "သဘာဝဘေး ကာကွယ်ဖို့ နေ့စဉ် တိုင်းတာ စောင့်ကြည့်စို့" (Observing Today, Protecting Tomorrow) ဖြစ်ပါကြောင်း၊ လက်ရှိကမ္ဘာတစ်ဝန်းတွင် မြေလျှောင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ လေမုန်တိုင်း တိုက်ခတ်ခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းများကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှု တိုးလာနေပါသဖြင့် နေ့စဉ် စောင့်ကြည့် တိုင်းတာခြင်းနှင့်အတူ ကြိုတင်ပြင်ဆင်ခြင်းဖြင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်ရန် အရေးကြီးပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် မိုးလေဝသနှင့် ဇလဗေဒသတင်းများကို နေ့စဉ်စောင့်ကြည့်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် အရေးကြီးဆုံးအချက်မှာ "တိကျသော တိုင်းတာရေးမှတ်တမ်းအချက်အလက်" များသာဖြစ်ပါကြောင်း၊ သဘာဝဘေးကာကွယ်ရေးသည် အစိုးရသို့မဟုတ် အဖွဲ့အစည်း တစ်ခုချင်းစီတို့မှ ဆောင်ရွက်ခြင်းထက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ခြင်းဖြင့် အနာဂတ်ကာလများတွင် သဘာဝဘေး အန္တရာယ်များကြောင့် အသက်၊ အိုးအိမ်ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်ပါသောကြောင့် သဘာဝဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနား ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သော သဝဏ်လွှာဗီဒီယိုနှင့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် Video Clip တို့ကို ကြည့်ရှုအားပေးပြီး ဧည့်သည်တော်များနှင့်အတူ ခင်းကျင်းပြသထားသည့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစီး၍ မိုးလေဝသ၊ ဇလဗေဒ၊ ငလျင်ဘာသာရပ်ဆိုင်ရာ စာတမ်း ၂၈ စောင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ လက်အောက်ရှိ ဦးစီးဌာနများမှ အရာထမ်း/ အမှုထမ်းများ၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံ မြေလျှင်ကော်မတီနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့မှ ပညာရှင်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းများက ဖတ်ကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "**ပြည်သူ့ကြားကပြည်သူ့စကား**" အစီအစဉ်မှ "**ဆင်ခြင်တုံတရားမဲ့စွာ လူမဆန်တဲ့လုပ်ရပ်နဲ့ ပြည်သူအပေါ် ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက် PDF**" ခေါင်းစဉ်ဖြင့် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ၁-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် "**PDF လူငယ်တွေကို ခုတုံးလုပ်ခဲ့တဲ့ နွေဦးတော်လှန်ရေးကြီး ဓာတ်သိမ်းလေပြီ**" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံ့အကျိုးပြု နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်

**နေပြည်တော် မတ် ၂၃**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ တက္ကသိုလ်၏ အစဉ်အလာကောင်းများကို ရေရှည်ထိန်းသိမ်းပြီး နိုင်ငံ့အကျိုးပြု IT သုတေသနစီမံကိန်းများဖြင့် သက်ဝင်လှုပ်ရှားနေသည့် ရပ်ဝန်းကောင်းဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန်၊ နိုင်ငံတော်ဖွံ့ဖြိုးရေး အမှန်တကယ်အထောက်အကူပြုမည့် IT ပညာရှင်များကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် ပျိုးထောင်ပေးသွားရန်၊ Agro–based Industries နှင့် MSME များ၊ Cyber Security၊ E–commerce တို့တွင် AI အပါအဝင် ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာအရွေ့တို့ကို အသုံးချနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းသားအဆောင်သို့သွားရောက်ကာ စားရိပ်သာ၌ ကျောင်းသားများအား ကျွေးမွေးရန် စနစ်တကျပြင်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ နေ့လယ်စာအတူသုံးဆောင်သည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်သို့ သွားရောက်ရာ မြေညီထပ်၌ထားရှိသော ၁၉၇၁ ခုနှစ်၌ တက္ကသိုလ်များ ကွန်ပျူတာဌာနကို တည်ထောင်သည်မှစ၍ ၁၉၇၂ ခုနှစ်တွင် အသုံးပြုခဲ့သော ပထမဆုံးသော Mainframe ကွန်ပျူတာ၊ ၁၉၇၃ ခုနှစ်၌ မြန်မာနိုင်ငံလူဦးရေ သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုခဲ့သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုပြီး တန်ဖိုးရှိလှသောကွန်ပျူတာပစ္စည်းများဖြစ်၍ သက်ဆိုင်ရာခုနှစ်အလိုက် အမျိုးအစားနှင့် သုံးစွဲခဲ့ပုံတို့ကိုဖော်ပြလျက် အစီအစဉ်တကျထားရှိရန်၊ အဆိုပါပစ္စည်းများကို အခြေပြုလျက် ကွန်ပျူတာအသုံးပြုမှုများ ဖွံ့ဖြိုးတိုးတက်လာပုံ အချက်အလက်များကို စနစ်တကျပြုစု၍ ကျောင်းသားလူငယ်များသိရှိစေရေး ပြသထားရန်နှင့် ပြည်သူများ လေ့လာသိရှိနိုင်ရေးအတွက် တက္ကသိုလ် Website တွင်ပါ လွှင့်တင်ရေး ဆောင်ရွက်သွားရန် မှာကြားကာ စာကြည့်တိုက်အတွင်း ပြင်ဆင်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ) ရှိ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒုတိယဝန်ကြီးက ရွှေပြည်သာစက်မှုဇုန်နှင့် ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းအခြေပြု MSME စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး တစ်တပ်တစ်အားအထောက်အကူပြုမည့် သင်တန်းသားများကို မွေးထုတ်ပေးသွားရန်၊ ဒေသတွင်းလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်မှုမှသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် ထိရောက်မြန်ဆန်စွာ တိုက်ရိုက်အကျိုးပြုနိုင်သည့် နည်းပညာသင်တန်းများကို စံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကာ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်ဂျင်နီယာ ဘာသာရပ်အလိုက် လက်တွေ့ခန်းများ၊ အလုပ်ရုံများ၌ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေသည့် ဆရာ ဆရာမများအား လှည့်လည်ကြည့်ရှုအားပေးပြီး သုတေသနရလဒ်များမှသည် မူပိုင်ခွင့်များရရှိရေးနှင့် သက်ဆိုင်ရာဌာနများနှင့် စက်မှုလုပ်ငန်းများသို့ နည်းပညာများ စနစ်တကျလွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၃) ကြိမ်မြောက် မြန်မာ - ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုအစည်းအဝေး၊ မြန်မာ - ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံ စံလုပ်ငန်းအစီအစဉ် ပြန်လည်သုံးသပ်သည့် အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Parkroyal Hotel ၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်ကြီးဌာနတို့၏ (၃၃) ကြိမ်မြောက် မြန်မာ–ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးနှင့် မြန်မာ–ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံစံလုပ်ငန်းအစီအစဉ် ပြန်လည်သုံးသပ်သည့် အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံအကြားတွင် ၂၀၀၉ ခုနှစ် ဧပြီ ၁၉ ရက်မှစတင်၍ မြန်မာ–ထိုင်း လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးကို ထိုင်းနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောင်မြင်သောရလဒ်ကောင်းများစွာ ရရှိလျက်ရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်နေသူများအနေဖြင့် လူကုန်ကူးခံရသူတစ်ဦးချင်းစီ၏ လိုအပ်ချက်များအရ ကူညီစောင့်ရှောက်မှုများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြသကဲ့သို့ ကာကွယ်တားဆီးရေး လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။






**ဝိုင်းဝန်းကူညီကြရမည်**

စောင့်ရှောက်မှု ခံယူရချိန် တိုတောင်းရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများက ပူးပေါင်းပံ့ပိုးကြစေလိုကြောင်း၊ ထပ်မံ၍ လူကုန်ကူးမှုမခံရစေရေး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ဝိုင်းဝန်းကူညီကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နှစ်နိုင်ငံ၏ ဘုံရည်မှန်းချက်ဖြစ်သည့် လူကုန်ကူးခံရသူ၏ အကောင်းဆုံး အကျိုးစီးပွားကို အပြည့်အဝ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Sunee Srisangatrakullert က ထိုင်းနိုင်ငံသို့ ရောက်ရှိလာသည့် လူကုန်ကူးခံရသူများအား အတတ်နိုင်ဆုံး၊ အကောင်းဆုံးပံ့ပိုးကူညီလျက်ရှိကြောင်း၊ နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်စွာဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လူကုန်ကူးခံရသူများ နစ်နာမှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကာယကံရှင်ထံသို့ လွှဲပြောင်း**

ယင်းနောက် ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းလက်ခံခဲ့သည့် လူကုန်ကူးခံရသူ တစ်ဦးရရှိသည့် လျော်ကြေးငွေ ဘတ် ၄၅၀၀၀ အား ကာယကံရှင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာ – ထိုင်း နှစ်နိုင်ငံဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မတ် ၂၄ ရက်တွင် မြန်မာ–ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံစံလုပ်ငန်းအစီအစဉ် ပြန်လည်သုံးသပ်သည့် အစည်းအဝေးကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဘိုကလေးမြို့နယ်၌ မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ

**ဘိုကလေး မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာန အနေဖြင့် မီးဘေးလုံခြုံရေး လုပ်ငန်းစဉ်များကို ယနေ့နံနက် ၉ နာရီက ဘိုကလေး –စက်ဆန်း ကားလမ်းမပေါ်ရှိ နဒီအထူးကုဆေးကုသခန်းတွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော၍ လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြဆောင်ရွက်သည်။

အသိပညာပေး ဟောပြောရာသို့ နဒီအထူးကုဆေးကုသခန်းမှ ဝန်ထမ်းများ တက်ရောက်ပြီး မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်က မီးဘေးလုံခြုံရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ ဟောပြောပြီး ဆေးကုသခန်းမှ ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်စေခဲ့သည်။ **မိုးစက်(ဘိုကလေး)**

ဝိုင်းဝန်း
ကာကွယ်
မီးဘေး
အန္တရာယ်

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# အမြတ်တနိုးတန်ဖိုးထားဖွယ်ရာ ဇာနည်သားကောင်းများ

မင်းသော်

**“သမိုင်းသည် နိုင်ငံတစ်ခုချင်း၏ အရင်းအမြစ်ဖြစ်သကဲ့သို့ အနာဂတ်အတွက် လမ်းညွှန်လည်းဖြစ်သည်။ သမိုင်းကို သတိရခြင်းသည် အောင်မြင်မှုကိုသာ ဂုဏ်ပြုခြင်းမဟုတ်ဘဲ သင်ခန်းစာများကိုပါ မြင်တွေ့ရသည်။ ဖက်ဆစ်တော်လှန်ရေးမှ ရရှိခဲ့သော အဓိကသင်ခန်းစာများတွင် စည်းလုံးညီညွတ်မှု၏အရေးပါမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် စွန့်လွှတ်စွန့်စားမှုတို့ ပါဝင်သည်”**

ရောင်နီမလာမီ အမှောင်ထုကြီးစိုးသည့် နံနက်အရုဏ် လေနုအေးအောက်၌ မြို့ပြလမ်းမများ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လူအများ နှစ်ခြိုက်စွာအိပ်မောကျနေချိန် တာဝန်အရ ထမ်းပိုးထားရသည့် သေနတ်တို့၏ပခုံးရှင်များ တိတ်တဆိတ်စစ်ချီနေခြင်းများ ရှိနိုင်သည်။

နိုင်ငံနှင့်ပြည်သူအတွက် အမှောင်ညဝယ် အသက်စွန့်၍ တရားသောစစ်ကို ဆင်နွှဲနေခြင်းလည်း ဖြစ်နိုင်သည်။ ထို့အပြင် နယ်စပ်ဒေသများ၌ နေ့ညလှည့်ကင်း တာဝန်ထမ်းဆောင်နေသည့် စစ်သည်များ၊ မိုးသည်းထန်စွာရွာသွန်းချိန် ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်နေသည့် သတ္တိရှင်များ၊ ဝေးလံခေါင်သီသော တောင်တန်းများပေါ်တွင် ဆေးကုသမှုပေးနေသည့် ဆေးဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်တို့၏ ခြေသံများမှာ မြန်မာ့မြေပြင်ထက်တွင် ပဲ့တင်ထပ်လျက်ရှိနိုင်ပါသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၈၁ နှစ်က မြန်မာ့သမိုင်းတွင် မှတ်တမ်းကျန်ရစ်ခဲ့သည့် ခြေလှမ်းများသည် ယနေ့တိုင် နိုင်ငံတော်အတွက် ခိုင်မာမြဲမြံစွာ ရပ်တည်လျက်ရှိသည်။ မကြာမီကျရောက်မည့် (၈၁) နှစ်မြောက် တပ်မတော်နေ့ကား အတိတ်၏ သင်ခန်းစာများကို ယူဆောင်ကာ ပစ္စုပ္ပန်၏တာဝန်ကို ဆင်ခြင်သုံးသပ်ရန်၊ အနာဂတ်စိန်ခေါ်မှုများအတွက် အားယူရန် အမှတ်တရနေ့ထူးနေ့မြတ် ဖြစ်သည်။ တပ်မတော်နေ့သည် လက်နက်ကိုင် ပဋိပက္ခများ၏အထိမ်းအမှတ် သက်သက်မဟုတ်၊ အမျိုး၊ ဘာသာ၊ သာသနာနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် သစ္စာခံဋ္ဌာန်ပြုကြသူ ရဲစွမ်းသတ္တိရှင်တို့အတွက် ဂုဏ်ပြုသည့်နေ့ရက် ဖြစ်ပါသည်။

**“တပ်မတော် ယနေ့အချိန်ထိ မယိမ်းမယိုင် ရပ်တည်နိုင်ခြင်းဟာ စစ်စည်းကမ်း ကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကြောင့်ဖြစ်တယ်။ ဒီ့တပ်မတော်သားအားလုံးအနေနဲ့ စစ်သည်တော်ကောင်းတစ်ဦးဖြစ်ဖို့ အခြေခံဖြစ်တဲ့ ကျင့်ဝတ် ၆၀ ပါးကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းကြရမှာဖြစ်သလို စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင် စည်းကမ်းတွေ၊ နယ်ဘက်ဆိုင်ရာ စည်းကမ်း ဥပဒေတွေ၊ နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ စစ်ပွဲဆိုင်ရာဥပဒေတွေနဲ့ ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း (Rules of Engagement–ROE) တွေကိုလည်း တိကျစွာလိုက်နာကြဖို့ လိုအပ်တယ်”** ဟု ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းအတွင်း ထည့်သွင်းမှာကြားခဲ့သည်။

## သမိုင်းစာမျက်နှာထဲက တပ်မတော်

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် မြန်မာ့သမိုင်းတွင် ထူးခြားထင်ရှားသော နေ့တစ်နေ့ဖြစ်သည်။ ထိုနေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့တပ်မတော်သည် မဟာမိတ်တပ်များနှင့် ပူးပေါင်း၍ ဖက်ဆစ်ဂျပန်တို့ကို စတင်တော်လှန်ခဲ့သည်။ ထိုတော်လှန်မှုသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပြန်လည်ထူထောင်ရေးအတွက် အခရာကျသော အစပျိုးမှုတစ်ရပ်ပင်ဖြစ်သည်။

ဖက်ဆစ်တော်လှန်ရေးသည် လက်နက်ကိုင်တိုက်ပွဲတစ်ခုထက်ပိုပါသည်။ ယင်းသည် မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို ပြသသည့် သင်္ကေတတစ်ခုလည်းဖြစ်ခဲ့သည်။ တောင်တန်းဒေသမှ တိုင်းရင်းသားညီနောင်များ၊ မြေပြန့်ဒေသမှ ဗမာလူမျိုးများအားလုံး စုပေါင်း၍ ဘုံရန်သူကို တိုက်ထုတ်ခဲ့ကြသည်။ ထိုစဉ်က စတင်ခဲ့သော မျိုးချစ်စိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုနှင့် စွန့်လွှတ်အနစ်နာခံမှုတို့သည် ယနေ့တိုင် တပ်မတော်၏ ကျောရိုးမကြီးအဖြစ် တည်ရှိနေဆဲဖြစ်သည်။

သမိုင်းသည် နိုင်ငံတစ်ခုချင်း၏ အရင်းအမြစ်ဖြစ်သကဲ့သို့ အနာဂတ်အတွက် လမ်းညွှန်လည်းဖြစ်သည်။ သမိုင်းကို သတိရခြင်းသည် အောင်မြင်မှုကိုသာ ဂုဏ်ပြုခြင်းမဟုတ်ဘဲ သင်ခန်းစာများကိုပါ မြင်တွေ့ရသည်။ ဖက်ဆစ်တော်လှန်ရေးမှ ရရှိခဲ့သော အဓိကသင်ခန်းစာများတွင် စည်းလုံးညီညွတ်မှု၏အရေးပါမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် စွန့်လွှတ်စွန့်စားမှုတို့ပါဝင်သည်။

ထိုသင်ခန်းစာများသည် ယနေ့တပ်မတော်၏ လမ်းပြမြေပုံများအဖြစ် တည်ရှိနေပြီး မျိုးဆက်သစ်စစ်သည်များကိုလည်း ထိုစိတ်ဓာတ်မျိုး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ သမိုင်း၏ အလင်းရောင်အောက်တွင် ယနေ့ တပ်မတော်သားတိုင်းသည် မိမိတို့၏တာဝန်ကို ပိုမိုရှင်းလင်းစွာ မြင်တွေ့နိုင်ကြသည်။ ဖက်ဆစ်တော်လှန်ရေးသည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်ပြီး ယနေ့ တပ်မတော်၏တိုက်ပွဲမှာ ထိုလွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရန်အတွက်ဖြစ်သည်။ ထို့ကြောင့် သမိုင်းကိုသတိရခြင်းသည် အတိတ်ကို ပြန်ကြည့်ရုံမျှမက ပစ္စုပ္ပန်တွင် ရပ်တည်နေသော တာဝန်ကို ပိုမိုခိုင်မာစေရန်လည်း ဖြစ်ပါသည်။

**“နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးသည် တပ်မတော်တစ်ခုတည်း၏ တာဝန်သက်သက်မဟုတ်ဘဲ နိုင်ငံသားတိုင်း၏ တာဝန်လည်းဖြစ်သည်။ ဤအခြေခံမှုကိုအခြေခံ၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်၏လုံခြုံရေးအတွက် အရေးပေါ်အခြေအနေများတွင် နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ရန်အတွက် ဥပဒေဘောင်အတွင်း စနစ်တကျစီမံခန့်ခွဲနိုင်ရန် ရည်ရွယ်သည်”**

## ကြီးလေးသောတာဝန်

တာဝန်ကို ဝေါဟာရပညာရှင်တို့က အခွင့်အရေးထက်ပိုသည့် လေးနက်သောအရာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံရေးတို့ကို ထိန်းသိမ်းကာကွယ်ရခြင်းသည် အလေးနက်ဆုံးတာဝန်များအနက် တစ်ခုဖြစ်သည်။ ထိုတာဝန်သည် မမြင်သာသည့်နေရာများတွင်လည်း ဆက်လက်လှုပ်ရှားနေသည်။ အန္တရာယ်များနှင့် မသေချာမှုများကြားတွင် တာဝန်ယူမှုကို ဆက်လက်ထမ်းဆောင်နိုင်ရန် စိတ်ဓာတ်ခိုင်မာမှု လိုအပ်သည်။

တပ်မတော်သားတစ်ဦး၏ဘဝတွင် တာဝန်ကို ဖက်တွယ်ထားခြင်းဖြင့် စွန့်လွှတ်အနစ်နာခံမှုများဖြင့် ပြည့်နှက်နေသည်။ တပ်မတော်သားတိုင်းသည် မိမိ၏ မိဘ၊ ဇနီး၊ ခင်ပွန်း၊ သားသမီးများကို စွန့်ခွာကာ တာဝန်ထမ်းဆောင်ရသည်။ သာမန်ပြည်သူများအတွက် သာမန်ဖြစ်သော မိသားစုဘဝ ပျော်ရွှင်ဖွယ်ရာ အခွင့်အရေးများသည် တပ်မတော်သားအများစုအတွက် လျစ်လျူရှုထားသည့်အရာများဖြစ်သည်။ ထို့ပြင် တပ်မတော်သားတိုင်းသည် တာဝန်ထမ်းဆောင်ရာတွင် အသက်ဆုံးရှုံးနိုင်ခြေကို လက်ခံထားကြရသူများဖြစ်သည်။ စစ်မြေပြင်တွင်သာမက ငြိမ်းချမ်းသည့်ကာလတွင်လည်း လေ့ကျင့်ရေးခရီးစဉ်များ၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများစသည့် ကြမ်းတမ်းသည့်နေ့ရက်များဖြင့် ငြိမ်းငြိမ်းချမ်းချမ်းဘဝကို လဲလှယ်ကြရသည်။

စည်းကမ်းသည် ထိုတာဝန်ကို ထမ်းဆောင်နိုင်စေရန် အခြေခံတည်ဆောက်မှုဖြစ်သည်။ စည်းကမ်းရှိခြင်းသည် ချုပ်ချယ်မှုတစ်ခုသာမဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ ထိန်းသိမ်းနိုင်စွမ်းကို ပြသခြင်းဖြစ်သည်။ အဖွဲ့အစည်းတစ်ခုအတွက် စည်းကမ်းသည် စနစ်တကျလည်ပတ်နိုင်စေသည့် အခြေခံအင်အားဖြစ်သည်။ စည်းကမ်းနှင့် သစ္စာတည်ကြည်မှုတို့မရှိပါက မည်သည့်အဖွဲ့အစည်းမျှ တည်တံ့ခိုင်မြဲနိုင်မည်မဟုတ်ပေ။ ထိုသို့သော စည်းကမ်းသေဝပ်မှုကို တပ်မတော်များတွင် အတိအကျမြင်တွေ့ရသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အထိ တပ်မတော်က ပြည်တွင်းပဋိပက္ခများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်သောင်းကျန်းမှုများကို ဖြေရှင်းရသည်။ သူတစ်လူငါတစ်မင်း၊ တစ်ရွာတစ်ဗိုလ်စနစ်ဖြင့် ပြည်သူကို အနိုင်ကျင့်ကာ လက်နက်ကိုင်သောင်းကျန်းသူများ၊ တိုင်းပြည်ကို ဖျက်ဆီးရန်ကြံရွယ်သူများ၏ အန္တရာယ်ကို တွန်းလှန်ရသည်။ အကြမ်းဖက်တို့၏ စစ်ရေးထိုးစစ်ဆင်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းတို့အတွက် ချေမှုန်းရသကဲ့သို့ နယ်မြေအေးချမ်းသာယာရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း တစ်ပါတည်းလုပ်ဆောင်ပေးကြရသည်။

တပ်မတော်၏ စစ်ဆင်ရေးများသည် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးထိန်းသိမ်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံစေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာကာကွယ်ခြင်းတို့အတွက် ဖြစ်သည်။ တပ်မတော်၏ စစ်ဆင်ရေးများသည် လူသားဆန်မှုနှင့် နိုင်ငံတကာစစ်ရေးစည်းမျဉ်းစည်းကမ်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ စစ်ဆင်ရေးကာလအတွင်း ဒေသခံပြည်သူများ၏ အသက်အိုးအိမ်လုံခြုံမှုကို ဦးစားပေးခြင်း၊ နေရပ်စွန့်ခွာထွက်ပြေးရသည့် ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်သည်။

တပ်မတော်သည် ငြိမ်းချမ်းရေးအတွက် အမြဲလက်ကမ်းထားပြီး နိုင်ငံရေးနည်းလမ်းဖြင့် ပြဿနာဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို လက်မခံဘဲ လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်ကျင့်သုံးနေသော အဖွဲ့အစည်းများအား ဥပဒေအာဏာအရ တုံ့ပြန်ရခြင်းသည် တပ်မတော်၏ တာဝန်ဖြစ်သည်။

## လူမှုရေးတာဝန်သိကြသူများ

တပ်မတော်သည် စစ်ရေးတာဝန်များသာမက ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အရေးပေါ်အခြေအနေများတွင် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် ကိုဗစ်–၁၉ ကပ်ရောဂါ ကာလအတွင်း ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် သောင်တင်နေခဲ့ကြရသော မြန်မာနိုင်ငံသားများစွာရှိခဲ့သည်။ ထိုအခက်အခဲကြားတွင် တပ်မတော်(ရေ)က စစ်ရေယာဉ်များကို အသုံးပြု၍ ပြည်ပရောက် မြန်မာလုပ်သားများ၊ ကျောင်းသားများနှင့် ခရီးသွားပြည်သူများကို ပြန်လည်ခေါ်ဆောင်ပေးခဲ့သည်။

ထို့ပြင် တပ်မတော်က နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံ၏ ဝေးလံခေါင်သီသောဒေသများသို့ နယ်လှည့်ဆေးကုသရေးအဖွဲ့များ စေလွှတ်လေ့ရှိသည်။ ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးခြင်းဖြင့် အခမဲ့ဆေးကုသမှုများ ပြုလုပ်ပေးခဲ့သည်။ မျက်စိအထူးကုဆေးခန်းများ၊ သွားနှင့်ခံတွင်း ဆေးခန်းများ၊ အရိုးအကြောကုသခြင်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ခြင်းများအပါအဝင် ခွဲစိတ်ကုသမှုဆိုင်ရာ အထူးစခန်းများကိုပါ ဖွင့်လှစ်ပေးလျက်ရှိပြီး ပြည်သူတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုများ အထူးဆောင်ရွက်ပေးလျက်ရှိပါသည်။

မကြာသေးမီက မန္တလေးတိုင်းဒေသကြီးအတွင်း လှုပ်ခတ်ခဲ့သောငလျင်ကြောင့် အဆောက်အအုံများ ပြိုကျပျက်စီးခြင်း၊ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်း စသည့် ဆိုးရွားသော သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည်။ ထိုအချိန်တွင် တပ်မတော်သားများက ရှေ့တန်းမှ ပါဝင်ကူညီခဲ့ကြသည်။ ငလျင်လှုပ်ပြီး မိနစ်ပိုင်းအတွင်းမှာပင် *စာမျက်နှာ ၇ သို့*

## အလွမ်းဝေဝေ ပန်းသပြေ

☆ သေနတ်ကို ရင်မှာပိုက်
ချွေးပြိုက်ပြိုက် ရွှဲရွှဲစို ။
☆ နွေအဖွင့်ပေမို့
ပြေလွင့် ရွှေနုံ့သာနဲ့
ဟေမဝါ သေလာတကြောမှာဖြင့်
လေအလာ တေတျာနှောလို့ရယ်
ဥသြသံချို။

☆ တစ်ကောင်တည်းရယ်ပေါ့
ဖော်ကွဲတဲ့ ငှက်ငယ်ပျို
ချစ်သူကို ရှာလေသလား ..။
☆ စစ် စခန်းမြေမို့
အချစ် အလွမ်းတွေ အခါခါရည်လို့
ကဗျာသီ စာစီ မဖွဲ့နိုင်ဘူး ..
သင်္ကြန်အတာအမီ တစ်နှစ်ကူးချိန်မတော့

အချစ်ဦး ငယ်အမူနဲ့
စံပယ်ဖြူ ဝေအောင်ပန်လိုက်ပဲ့ ..
ရွှေရောင်လျှံ ပိတောက်ပန်းတွေနဲ့
စစ်သည်မောင် အရောက်လှမ်းခဲ့မပေါ့
အလွမ်းတွေ ပန်းသပြေနဲ့ ကမ်းပါလို့
အနွမ်းပြေ စမ်းရေဖျန်းလို့ရယ်
အေးချမ်းစေသား...။ ။

(တပ်မတော်သားအပေါင်းအား လေးစားဂုဏ်ပြုလျက် ..)

မိုးချမ်းမြေ

*စာမျက်နှာ ၆ မှ*

အနီးအနားရှိ တပ်ရင်းများမှ တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ ပြိုကျနေသော အဆောက်အအုံ အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို တူးဖော်ကယ်ဆယ်ခြင်း၊ ဆေးကုသမှု ချက်ချင်းပေးအပ်ခြင်း၊ စားရေရိက္ခာနှင့် သောက်သုံးရေ ဖြန့်ဝေပေးခြင်း၊ ယာယီနေထိုင်ရေးစခန်းများ ဆောက်လုပ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**ကမ္ဘာပေါ်မှ မငြိမ်းချမ်းမှုများ**

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လျက်ရှိသည်။ လက်ရှိဖြစ်ပွားနေသော အမေရိကန် - အစ္စရေးနှင့် အီရန်စစ်ပွဲက ဒေသတွင်းနိုင်ငံများအထိ ကျယ်ပြန့်နေပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ထိခိုက်မှုများက ဘယ်မျှအထိ ရိုက်ခတ်မလဲဆိုသည်ကို ကမ္ဘာတစ်ဝန်းက ရင်တမမဖြင့် စောင့်ကြည့်နေရသည်။

**နိုင်ငံတော်ကို ကာကွယ်ကြမည့်သူများ**

**နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးသည် တပ်မတော်တစ်ခုတည်း၏ တာဝန်သက်သက်မဟုတ်ဘဲ နိုင်ငံသားတိုင်း၏တာဝန်လည်းဖြစ်သည်။ ဤအခြေခံမူကို အခြေခံ၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်၏ လုံခြုံရေးအတွက် အရေးပေါ်အခြေအနေများတွင် နိုင်ငံသားအားလုံးပါဝင် ဆောင်ရွက်ရန်အတွက် ဥပဒေဘောင်အတွင်း စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်သည်။**

ပြည်သူ့စစ်မှုထမ်းဥပဒေအရ အသက် ၁၈ နှစ်ပြည့်ပြီးသော နိုင်ငံသားတိုင်း စစ်မှုထမ်းရန် တာဝန်ရှိသည်။ သို့သော် ကျန်းမာရေးအရဖြစ်စေ၊ ပညာရေးအရဖြစ်စေ၊ အခြားအကြောင်းပြချက်များအရဖြစ်စေ ကင်းလွတ်ခွင့်များ ခံစားနိုင်သည်။ စစ်မှုထမ်းပြီးသူများသည် အစိုးရဝန်ထမ်းအဖြစ် ခန့်အပ်ရာတွင် ဦးစားပေးခြင်း၊ ပညာသင်ဆုများရရှိခြင်း၊ အခြားအခွင့်အရေးများ ခံစားရရှိခြင်းတို့ ရှိသည်။

**စင်ကာပူနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းစနစ်ကို ၁၉၆၇ ခုနှစ်ကတည်းက ကျင့်သုံးခဲ့ပြီး ယနေ့အထိ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။ စင်ကာပူနိုင်ငံသားများသည် စစ်မှုထမ်းဆောင်ခြင်းအားဖြင့် စည်းကမ်း၊ ခေါင်းဆောင်မှုစွမ်းရည်၊ တာဝန်ခံစိတ်၊ တာဝန်ယူစိတ်များ ရှိလာကြသည်။ အလားတူပင် မြန်မာနိုင်ငံတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေသည် လူငယ်များအတွက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခွင့်ရရှိစေသည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်သည်။ စစ်မှုထမ်းဆောင်စဉ်အတွင်း ရရှိသော လေ့ကျင့်သင်ကြားမှုများ၊ အတွေ့အကြုံများက လူငယ်တစ်ဦး၏ ဘဝတစ်လျှောက်လုံးအတွက် အကျိုးရှိစေသောအရာများ ဖြစ်သည်။**

ယနေ့ခေတ်ကာလတွင် နိုင်ငံ၏ လုံခြုံရေးစိန်ခေါ်မှုများသည် ပိုမိုရှုပ်ထွေးလာသည်။ သမားရိုးကျ စစ်ရေးခြိမ်းခြောက်မှုများအပြင် ဆိုက်ဘာစစ်ပွဲ၊ သတင်းမှားများ ဖြန့်ဝေခြင်း၊ နယ်စပ်ဖြတ်ကျော် မှောင်ခိုမှုများ၊ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးဖြန့်ဖြူးခြင်း စသည့် ခြိမ်းခြောက်မှုအသစ်များလည်း ပေါ်ပေါက်လာသည်။ ထို့ကြောင့် မျိုးဆက်သစ်တပ်မတော်သားများသည် ပညာတတ်မြောက်ခြင်း၊ စည်းကမ်းရှိခြင်း၊ မျိုးချစ်စိတ်ဓာတ်ထက်သန်မှုရှိခြင်း၊ လူသားဆန်ခြင်းနှင့် စွန့်လွှတ်စွန့်စားနိုင်ခြင်း စသည့် အရည်အချင်းများ ပိုမိုပြည့်ဝရန် လိုအပ်လာသည်။

မျိုးဆက်သစ်လူငယ်များ တပ်မတော်သို့ ဝင်ရောက်လာခြင်းသည် တပ်မတော်၏ အနာဂတ်အတွက် အရေးကြီးသော အချက်ဖြစ်သည်။ လူငယ်များ၏ အင်အား၊ ဉာဏ်ရည်၊ စွမ်းရည်နှင့် ခေတ်မီတိုးတက်သော အတွေးအခေါ်များက တပ်မတော်ကို ပိုမိုအင်အားကြီးမားလာစေမည်ဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ **“မိမိတို့ တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ခု ဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ခေတ်မီတပ်မတော်ဆိုသည်မှာ လက်နက်ကိရိယာ ကောင်းမွန်ရုံမျှမက၊ စည်းကမ်းကောင်းမွန်ပြီး ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ရရှိထားသော တပ်မတော်ကို ခေါ်ဆိုခြင်းဖြစ်သည်”** ဟူသည့် စကားသည် ဤအချက်ကို အတိအလင်းဖော်ပြနေပါသည်။

တပ်နှင့်ပြည်သူ တွဲလက်များမြဲသည်ထက် ခိုင်မြဲ

တပ်မတော်နှင့် ပြည်သူကြား ဆက်ဆံရေးသည် ယုံကြည်မှုအပေါ် အခြေခံထားသည်။ ထိုယုံကြည်မှုသည် အချိန်နှင့်အမျှ တည်ဆောက်ရသော တန်ဖိုးတစ်ခုဖြစ်သည်။ ယုံကြည်မှုတည်ဆောက်ရန်အတွက် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ နားလည်မှုနှင့် လူသားဆန်မှုတို့သည် အရေးကြီးသည်။ တပ်မတော်သည် ပြည်သူများ၏ ယုံကြည်ကိုးစားသည့် အင်အားခိုင်မာတောင့်တင်းသော အဖွဲ့အစည်းကြီးဖြစ်လာစေရန် အထူးကြိုးပမ်းလျက်ရှိသည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့သည် အနာဂတ်အတွက် မျှော်မှန်းချက်များ ချမှတ်ရန် အချိန်ကောင်းဖြစ်သည်။ အတိတ်ကာလ ဖက်ဆစ်တော်လှန်ရေးစတင်ခဲ့စဉ်က ရည်မှန်းချက်မှာ လွတ်လပ်ရေးရရှိရန်ဖြစ်သည်။ ယနေ့တွင် ထိုလွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းရန် လိုအပ်သည်။

တပ်မတော်သည် နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စစ်ရေးတာဝန်များအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းမျိုးစုံတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများ၏ ယုံကြည်မှုကို ရယူထားသည်။ တပ်မတော်သားများ၏ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုများကြောင့်သာ ယနေ့ မြန်မာနိုင်ငံသားများ ငြိမ်းချမ်းစွာ နေထိုင်နိုင်ခြင်းဖြစ်သည်။

**“တိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်း စိတ်ဓာတ် ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ အဲဒီအမူအကျင့်တွေနဲ့ ပြည့်ဝနေသူတွေဟာ အများတကာ လုပ်ဆောင်ဖို့ ခဲယဉ်းတဲ့တာဝန်တွေနဲ့ ရင်ဆိုင်ကြုံတွေ့လာရချိန်မှာ စွန့်လွှတ်စွန့်စားမှုအပြည့်နဲ့ ဆောင်ရွက်ကြသလို နိုင်ငံနဲ့လူမျိုးအတွက် ဘယ်လို အခက်အခဲကိုမှ အမှုမထားဘဲ မိမိအသက်ခန္ဓာကို စွန့်လွှတ်နိုင်တဲ့အထိ ကြံ့ခိုင်တဲ့စိတ်ဓာတ်၊ ပြောင်မြောက်တဲ့ သူရသတ္တိတွေနဲ့ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်လေ့ရှိကြတယ်။ ဒါတွေဟာ စစ်သည်တော်ကောင်းတစ်ဦးမှာ ရှိအပ်တဲ့ အရည်အချင်းတွေဖြစ်ပြီး ဒီလိုခိုင်မာတဲ့ သန္နိဋ္ဌာန်စိတ်ဓာတ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို စွမ်းစွမ်းတမံ ထမ်းဆောင်ရင်း အသက်ခန္ဓာစွန့်လွှတ်ခဲ့ရတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေအားလုံးကို ပြည်သူ့သားကောင်း အာဇာနည်တွေအဖြစ် အစဉ်အသိအမှတ်ပြုလေးစားဂုဏ်ယူကြောင်း ပြောကြားလိုတယ်။ ဒါ့အပြင် လေးချက်သောသစ္စာကို နေ့စဉ်ရွတ်ဆိုပြီး နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြတဲ့ ရဲဘော်တို့ဟာလည်း အမိနိုင်ငံတော်ရဲ့ မြတ်နိုးတန်ဖိုးထားဖွယ်ရာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုတယ်”** ဟု ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းအတွင်း အလေးအနက် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကဲ့သို့ နိုင်ငံအတွင်း ပဋိပက္ခတို့ကျန်ရှိနေချိန်တွင် နိုင်ငံအတွက် အချိန်ပေး၊ အသက်ပေး၊ ဘဝကိုပါ ပေးအပ်၍ တာဝန်ထမ်းဆောင်နေကြသူများသည် ပြည်သူများ၏ အမြတ်တနိုးတန်ဖိုးထားဖွယ်ရာ ဇာနည်သားကောင်း တပ်မတော်သားများပင်ဖြစ်သည်။ တပ်မတော်သားတိုင်း၏ နှလုံးသားတွင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ရှေးရှုသော စိတ်ဓာတ်အမြဲရှင်သန်နေပါစေကြောင်း ပြည်သူများကလည်း အစဉ်ဆုမွန်တောင်းနေမည်သာ။ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက် တပ်မတော်သားအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊


(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**





ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၃)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)သင်တန်းဖွင့်ပွဲတွင် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် သင်တန်းသားများအား အားပေးစကားပြောကြားစဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရသည်-

၁။ ကျွန်တော်လည်း နိုင်ငံသားတစ်ယောက်တာဝန်ကျေဖို့အတွက် စစ်မှုထမ်းကို လာရောက်တာဝန်ထမ်းဆောင်တာဖြစ်ပါတယ်။ ကျွန်တော်လည်း စစ်မှုထမ်းချင်တာလည်း ပါပါတယ်။ ဘယ်လိုခံယူထားလဲဆိုရင် တပ်မတော်သားတစ်ယောက်ဖြစ်သွားရင်တော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်။ ဆရာတွေ၊ နည်းပြတွေ သင်ကြားပြသပေးတဲ့အတိုင်း ကောင်းကောင်းမွန်မွန် လေ့လာသင်ယူသွားမယ်လို့ ခံယူထားပါတယ်။ ကိုယ့်နိုင်ငံမှာ အခုလိုတာဝန်ထမ်းဆောင်တာတော့ ကိုယ်ကိုယ်တိုင်လည်း တာဝန်ထမ်းဆောင်နေပါတယ်။ အများပြည်သူလည်း ထမ်းဆောင်သင့်ပါတယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်။ ပြောရရင် နှစ်နှစ်ပေါ့၊ နှစ်နှစ်ထက် ကျော်ရင်လည်း ကျော်သွားမှာပေါ့။ ကျွန်တော်ထပ်ပြီး တာဝန်ထမ်းဆောင်ဖို့လည်း ရှိပါတယ်။ မိသားစုဆွေမျိုးတွေကတော့ ကျွန်တော်စစ်သားဖြစ်သွားလို့ ဂုဏ်ယူဖို့ပေါ့ ဒါပဲပြောချင်ပါတယ်။ တပ်မတော်သားတစ်ယောက်ဖြစ်သွားတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူပါတယ်။ ဒီလို ပြည်သူ့စစ်တာဝန်ထမ်းဆောင်ဖို့ အတွက် ကျွန်တော်ကိုယ်တိုင်လည်း တာဝန်ထမ်းဆောင်နေပါတယ်။ ကျွန်တော့်နိုင်ငံသားတိုင်း၊ အကုန်လုံး တာဝန်ထမ်းဆောင်ဖို့အတွက် အကြံပြုချင်ပါတယ်။






၂။ ဝင်ချင်တဲ့ စိတ်ဆန္ဒတစ်ခုတည်းနဲ့ လာခဲ့တာ။ ကိုယ့်အိမ်ကလည်း သဘောတူတာပေါ့။ နောက်က မိသားစုကလည်း ကိုယ်ဒီထဲကို ဝင်လာတဲ့အတွက် ကိုယ့်ကိုဂုဏ်ယူပေးတယ်။ ကိုယ်ကလည်း ဒီထဲရောက်လာတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပီတိဖြစ်မိတယ်။ ကိုယ့်ဝါသနာနဲ့ ကိုယ်လာတာဆိုတော့ ပိုပြီးတော့လည်း ပျော်မိတယ်။ ကိုယ်ကလည်း အလွန်ဝါသနာပါတာဆိုတော့ မိဘတွေလည်း ဂုဏ်ယူပါတယ်။ သင်ကြားပေးတဲ့ ဆရာသမားတွေရဲ့ သင်တန်းသားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်။ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားမှာပါ။ စစ်မှုထမ်းရမယ့် လူငယ်တိုင်းကိုလည်း ဒီကနေပြီးတော့ ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(တောင်ပိုင်း) အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၃)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲတွင် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုဝင်း သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၃)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ မီးဘေးကာကွယ်ရေးအသိပညာပေး



**နေပြည်တော် မတ် ၂၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဗဟိုလေ့ကျင့်ရေးကျောင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းဝင်းအတွင်း၌ ဆောင်ရွက်သည်။

ယခုအခါ ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သည့်အပြင် ပေါ့ဆမီးများကြောင့် မီးလောင်မှုများ မကြာခဏ ဖြစ်ပေါ်နေသည့်အတွက် ဗဟိုလေ့ကျင့်ရေးကျောင်းရှိ ရုံးပိုင်အဆောက်အအုံများ၊ သင်တန်းခန်းမများ၊ သင်ထောက်ကူပစ္စည်းများနှင့် အရေးကြီး စာရွက်စာတမ်းများ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဗဟိုလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဦးကျော်ကိုသန်း ဦးဆောင်သည့် ဝန်ထမ်းများ၊ မိသားစုဝင်များပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြလေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

○ *ကျောဖုံးမှ*

မန်စီးတီးအသင်း၏ နည်းဗျူဟာပိုင်းအသာစီးရမှုနှင့် အသင်းကစားသမားများ၏ ဖိအားပေးကစားမှုများကြောင့် အာဆင်နယ်အသင်းပွဲချိန်အများစု ရုန်းကန်ခဲ့ရပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ကာ ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးအချို့ ဖန်တီးနိုင်ခဲ့သော်လည်း သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။

နှစ်သင်းကြား ခြေစွမ်းသိသိသာသာ ကွာခြားမှုမရှိသော်လည်း မန်စီးတီးအသင်းက အတွေ့အကြုံပိုင်း ရင့်ကျက်မှုနှင့် တိုက်စစ်အဆုံးသတ်ပိုင်း သေချာမှုများကြောင့် နိုင်ပွဲရရှိပြီး ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲချိန်ကြာလာသည်နှင့်အမျှ မန်စီးတီးအသင်းက ခြေစွမ်းပိုမိုတည်ငြိမ်လာပြီး ပြိုင်ဘက်အာဆင်နယ်အသင်းက ကစားပုံဟန်ချက်ပျက်မှုနှင့်အတူ ပေးပို့မှုအမှားအယွင်းများလာခဲ့သည်။

**ပထမဆုံး နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့**

မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို လူငယ်ကစားသမား နီကို အိုရိုင်လီတစ်ဦးတည်းက ပွဲချိန်မိနစ် ၆၀ နှင့် ၆၄ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် အီးအက်ဖ်အယ်ဖလားကို ငါးကြိမ်မြောက်ဆွတ်ခူးနိုင်သည့် ပထမဆုံး နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

နည်းပြအာတီတာ၏ အာဆင်နယ်အသင်းသည် ၂၀၂၀ ပြည့်နှစ်က အက်ဖ်အေဖလားကို နောက်ဆုံးဆွတ်ခူးရရှိထားသည်။ ထိုအချိန်မှစ၍ အာဆင်နယ်အသင်းသည် ဖလားလက်မဲ့ဖြစ်နေသည့် အစဉ်အလာဆိုးကို ချေဖျက်နိုင်ရန် ရုန်းကန်နေရဆဲဖြစ်သည်။

**အောင်ဇော်**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



## Basic Course For Broadcast Engineering သင်တန်းဆင်း

**နေပြည်တော် မတ် ၂၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စက်မှုဌာနခွဲမှ အင်ဂျင်နီယာဝန်ထမ်းသစ်များအတွက် Basic Course For Broadcast Engineering သင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၂၃ ရက်အထိ သင်တန်းသား ၂၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Training Room ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး (စီမံ) က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



သမီးလှကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်၏ မှတ်တမ်းဓာတ်ပုံ။



သမီးလှကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်၏ မှတ်တမ်းဓာတ်ပုံ။

❖ *ကျောဖုံးမှ*

သမီးလှကျွန်းသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးမြို့နယ်ခွဲ သမိုင်းဝင်မော်တင်စွန်းဘုရားမှ ရေမိုင် (၆) မိုင်အကွာ ဘင်္ဂလားပင်လယ်အော် (Bay of Bengal) နှင့် အက်ဒမန်ပင်လယ် (Andaman Sea) တို့၏ ရေကြောင်းများဆုံရာအနီး ငဝန်မြစ် (ပုသိမ်မြစ်ဝ)၌ တည်ရှိပါသည်။ မြေမျက်နှာသွင် ပြန့်ပြူးပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၈) ပေမှ (၁၁) ပေ အတွင်း၌ တည်ရှိပါသည်။ ရေးယခင် ဗြိတိသျှအစိုးရလက်ထက်က ကျွန်း၏ပုံသဏ္ဌာန်နှင့် သဲသောင်များ၏ တောက်ပမှုကိုအစွဲပြု၍ Diamond Island "စိန်ကျွန်း" ဟူ၍လည်းကောင်း၊ ထို့နောက် ပင်လယ်လိပ်များကို စီမံချက်ဖြင့်ထိန်းသိမ်းမွေးမြူခဲ့သဖြင့် "လိပ်ကျွန်း" ဟူ၍လည်းကောင်း ခေါ်ဆိုခဲ့ကြပြီး ရှားပါးပင်လယ်လိပ်များနှင့် ၎င်းတို့ ဥချသားပေါက်ရာဒေသများ၊ ကျွန်းပေါ်ရှိ ဂေဟစနစ်များအား ဥပဒေအရ အပြည့်အဝထိန်းသိမ်းကာကွယ်နိုင်ရန် အလို့ငှာ (၁၂-၁၀-၁၉၇၀) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၈၉) ဖြင့် "သမီးလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" အဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

သမီးလှကျွန်းသည် ကြည်လင်သော ပင်လယ်ပြင်အတွင်း စိမ်းလန်းသောကျွန်းနှင့် ဖြူဖွေးသန့်ရှင်းသော သဲသောင်ပြင်များကြောင့် ထင်ရှားသည့်အပြင် ကမ္ဘာ့ရှားပါးစာရင်းဝင်နှင့် ကျန်ပင်လယ်လိပ်များ တစ်နှစ်ပတ်လုံး လာရောက်ဥချသည့် မြန်မာ့တစ်နေရာတည်းသော ကျွန်းအဖြစ် ထင်ရှားပါသည်။ သမီးလှကျွန်း၌ ရွက်ပြတ်တော၊ ရေနှောတော၊ အမြဲစိမ်းတော၊ ဒီရေတော အမျိုးအစားများတွေ့ရှိရပြီး အများစုမှာ ဒီရေတောဂေဟစနစ်အဖြစ် ဖြူးအုပ်ဆောင်း၊ ဖြူးခြေထောက်ဖို၊ သင်ပေါင်း၊ ဖြူးခြေထောက်မ၊ ကနစို၊ ခရာ၊ ခနို၊ ပင်လယ်အုန်း၊ မိကျောင်းနွယ်အပင်များ ပေါက်ရောက်ပါသည်။ တောရိုင်းတိရစ္ဆာန်များအနေဖြင့် ကမ္ဘာ့ရှားပါးပင်လယ်လိပ်မျိုးများဖြစ်သည့် ပြင်သာလိပ်၊ လိပ်စိမ်း၊ လိပ်လျောင်း၊ လိပ်ခွေး၊ လိပ်ခေါင်တန်းတို့ ဥချသားပေါက်ရာ ဒေသဖြစ်ပြီး လင်းပိုင်၊ ရေဝက်၊ လင်းရှူး၊ ပုစွန်၊ ကဏန်းနှင့် ငါးမျိုးစိတ်များ ရှင်သန်ကျက်စားရာနေရာဖြစ်သကဲ့သို့ ဒရယ်၊ လင်းဆွဲချိုး၊ ဗွတ်ကလုံ၊ လင်းယုန်၊ မြေဝပ်၊ ငှက်ဝါ၊ ငှက်ခါး၊ စွန်၊ ဆက်ရက်၊ ပိန်ညင်း၊ ရေကြက်နှင့် ဝန်ပို/ဝန်လိုကဲ့သို့သော ကုန်းနေနှင့် ငှက်မျိုးစိတ်များအတွက် နားခိုကျက်စားရာ နေရာဒေသတစ်ခုလည်းဖြစ်ပါသည်။

**"သမီးလှကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်"** အဖြစ် သတ်မှတ်ဖွဲ့စည်းခြင်းဖြင့် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အဏ္ဏဝါအမျိုးသားဥယျာဉ် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပြီး ၎င်းဒေသရှိ ကမ်းရိုးတန်း၊ အဏ္ဏဝါဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ခြင်း၊ သန္တာကျောက်တန်းများအား ရေရှည်တည်တံ့တိုးပွားစေကာ အဏ္ဏဝါမျိုးစိတ်များ၏ ရှင်သန်သားပေါက်ရာနေရာအဖြစ် ထိန်းသိမ်းနိုင်ပြီး ရေပေါ်ရေအောက် ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားလာစေမည်ဖြစ်ခြင်း၊ ပင်လယ်လိပ်မျိုးစိတ်များ၏ သားပေါက်ရာနေရာများ ထိန်းသိမ်းနိုင်မည်ဖြစ်သကဲ့သို့ သမိုင်းဝင်မြတ်မော်တင်ဘုရားနှင့် နီးကပ်စွာတည်ရှိသဖြင့် ဘုရားဖူးလာသော အများပြည်သူများ အပန်းဖြေလေ့လာနိုင်ပြီး သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်သဖြင့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့် အဏ္ဏဝါမျိုးစိတ်များ သုတေသနပြုလေ့လာနိုင်သည့် အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့

အေးမြင့်ဆွေ

လက်ပံပွင့်နီနီရဲများ၊ ရော်ရွက်ဝါညိုရင့်ရင့်များ၊ နွေနေခြည် ရွှေဝါရောင်များကြားမှ မတ်လ ၂၃ ရက်နေ့ ကမ္ဘာ့မိုးလေဝသနေ့အခါသမယသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ မိုးလေဝသအချက်အလက်များသည် လူသားတစ်ဦးချင်းစီ၏ အသက်ဇီဝရှင်သန်မှုမှစ၍ ဤမြေကမ္ဘာငြိမ်းချမ်းရေးအထိ များစွာအကျိုးသက်ရောက်မှုရှိနေပါသည်။ ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးဒဏ်တို့ကြောင့် ဟိမဝန္တာမှသည် အမေဇုန်တောနက်အထိ ကမ္ဘာ့နေရာအနှံ့အပြားတွင် ဆိုးကျိုးသက်ရောက်မှုများဖြစ်ပွားလျက်ရှိရာ "ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုကောင်း၏" ဆိုသကဲ့သို့ ထိုသဘာဝဘေးဒဏ်များအား ကာကွယ်လျှော့ချရန်အတွက် နေ့စဉ် မိုးလေဝသတိုင်းတာစောင့်ကြည့်ရေးလုပ်ငန်းများသည် မရှိမဖြစ် အရေးကြီးလှပါသည်။

**ကမ္ဘာ့မိုးလေဝသနေ့ ဖြစ်ပေါ်လာပုံနှင့်**
**၂၀၂၆ ခုနှစ် ဆောင်ပုဒ်**

၂၀၂၆ ခုနှစ်မတ်လ ၂၃ ရက်နေ့သည် (၆၆)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အခါသမယ ဖြစ်ပါသည်။ ကမ္ဘာ့မိုးလေဝသနေ့ပေါ်ပေါက်လာပုံမှာ ၁၉၅၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် ကမ္ဘာ့မိုးလေဝသအဖွဲ့ (World Meteorological Organization-WMO) တည်ထောင်ခြင်းအား ဂုဏ်ပြုသောအားဖြင့် မတ်လ ၂၃ ရက်နေ့အား ကမ္ဘာ့မိုးလေဝသနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုနေ့သို့ရောက်တိုင်း ကုလသမဂ္ဂ၏ဦးဆောင်မှုဖြင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် အဖွဲ့ဝင်နိုင်ငံများသည် အမျိုးသားမိုးလေဝသနှင့် ဇလဗေဒဌာနများအဖြစ် မိုးလေဝသ၊ ရာသီဥတုနှင့် ဇလဗေဒဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ အထိမ်းအမှတ်အခမ်းအနားများ၊ ပြပွဲပြိုင်ပွဲများအား ကမ္ဘာအနှံ့အပြားတွင် နှစ်စဉ်ကျင်းပလေ့ ရှိကြပါသည်။

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့မိုးလေဝသနေ့ဆောင်ပုဒ်မှာ **"သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့"** (Observing Today, Protecting Tomorrow) ဟူ၍ ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်များမှာ သဘာဝဘေးအန္တရာယ်လျှော့ပါးရေးအတွက် အချိန်နှင့်အမျှ အသေးစိတ်လေ့လာစောင့်ကြည့်မှတ်တမ်းတင်ထားသည့် မိုးလေဝသနှင့် ဇလဗေဒအချက်အလက်များ၏ အကျိုးကျေးဇူးအားသိရှိစေရန်၊ အဖွဲ့အစည်းအချင်းချင်း၊ နိုင်ငံများအချင်းချင်း မိုးလေဝသအချက်အလက်များ ပူးပေါင်းဖလှယ်ခြင်း၏အကျိုးအား သိရှိစေရန်၊ မိုးလေဝသ စောင့်ကြည့်တိုင်းတာရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်အဖွဲ့အစည်းများ၏ အရေးပါမှုကို မီးမောင်းထိုးပြရန်နှင့် ကမ္ဘာ့မိုးလေဝသအခြေအနေအား စက္ကန့်မလပ် တိုင်းတာစောင့်ကြည့်ဖော်ပြပေးနေသော သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် မိုးလေဝသပညာရှင်များ၏ ကြိုးပမ်းမှုအားကျေးဇူးတင်အသိအမှတ်ပြုရန် စသည်တို့ဖြစ်ပါသည်။

**ယနေ့ကမ္ဘာနှင့် သဘာဝဘေးအန္တရာယ်များ**

ဟိမဝန္တာတောင်ထိပ်ဖျားဆီမှ ရေခဲတောင်ဖြူလွလွတို့သည် လည်းကောင်း၊ အမေဇုန်တောစိမ်းနက်နက်တို့သည် လည်းကောင်း၊ မြစ်ချောင်းကြီးငယ်တို့သည် လည်းကောင်း၊ ဤမြေကမ္ဘာသက်ရှိသတ္တဝါအားလုံးတို့သည် လည်းကောင်း သဘာဝဘေးအန္တရာယ်ကို တစ်နည်းမဟုတ်တစ်နည်း တွေ့ကြုံခံစားနေကြရပါသည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သဘာဝတရား ဖောက်ပြန်ပြောင်းလဲမှုများကြောင့်ဖြစ်စေ၊ လူတို့၏ပြုမူဆောင်ရွက်မှု၊ ပေါ့ဆမှု၊ မတော်တဆဖြစ်မှုတို့ကြောင့်ဖြစ်စေ လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်များနှင့် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသောဖြစ်ရပ်များကို ခေါ်ဆိုပါသည်။ ဇလဗေဒနှင့်သက်ဆိုင်သော သဘာဝအန္တရာယ်များတွင် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ အအေးလှိုင်း အပူလှိုင်းများ ဖြတ်သန်းခြင်း၊ ရေခဲများ အရည်ပျော်ခြင်း စသည်တို့ ပါဝင်ပါသည်။

> **"သဘာဝအလျောက်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များအား လုံးဝမဖြစ်ပေါ်စေခြင်း၊ အပြီးရပ်တန့်စေခြင်းငှာ မည်သူမှမစွမ်းသာပါ။ လျှောင်မလှုပ်နှင့်ဟု တားထား၍မရသလို မိုးမကြီးပါနှင့်ဟုလည်း တောင်းပန်နိုင်မည်မဟုတ်ပါ။ သို့ရာတွင် ဘေးအန္တရာယ်ဖြစ်ပွားမှု အကြောင်းရင်းများ၌ သဘာဝပတ်ဝန်းကျင်ထိခိုက်စေမှုများ၊ စက်မှုလုပ်ငန်းများကြောင့် ကမ္ဘာ့ပူနွေးမှုပြင်းထန်လာစေခြင်းများစသည့် လူသားတို့၏ဆောင်ရွက်မှုအမှားများ ပါဝင်သည်ဖြစ်ရာ ထိုကဲ့သို့ ဆောင်ရွက်မှုများအား စနစ်တကျ စီမံဆောင်ရွက်ပြုပြင်ခြင်းဖြင့် ဘေးအန္တရာယ်ပြင်းထန်မှုအား သက်သာလျော့ပါးစေနိုင်မည်၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါကလည်း ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန်၊ ထိခိုက်မှုလျော့ပါးသက်သာစေရန် ကြိုတင်တွက်ချက်ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်"**

ဘူမိဗေဒနှင့်သက်ဆိုင်သော ဘေးအန္တရာယ်များအဖြစ် ငလျင်လှုပ်ခတ်ခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း၊ မီးတောင် ပေါက်ကွဲခြင်းများအား သတ်မှတ်နိုင်ပြီး တောမီးလောင်ကျွမ်းခြင်းကဲ့သို့သော ဖြစ်စဉ်များအားလည်း သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များဟု သတ်မှတ်နိုင်ပါသည်။

ဤကမ္ဘာမြေတွင်သဘာဝတရားသည် အင်အားအကြီးဆုံးဖြစ်ရာ သဘာဝတရားဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်လာသော သဘာဝဘေးအန္တရာယ်များ၏ ဖျက်ဆီးနိုင်စွမ်းသည်လည်း အလွန်ကြီးမားကြပါသည်။ ကပ်ဘေးဆိုင်ရာကူးစက်ရောဂါဗေဒ သုတေသနဗဟိုဌာန (Centre for Research on the Epidemiology of Disasters - CRED)၏ မှတ်တမ်းများအရ ကမ္ဘာ့လူသားများသည် ၁၉၀၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းစသည့် ပြင်းထန်ကြီးမားသောဘေးအန္တရာယ် စုစုပေါင်း အကြိမ်အရေအတွက် ၂၇၀၀၀ ခန့် တွေ့ကြုံခံစားခဲ့ရကြောင်း သိရှိခဲ့ရာ အံ့အားသင့်ဖွယ်အရေအတွက် ဖြစ်ပါသည်။ ရေကြီးမှုအကြိမ် ၅၇၅၀ နှင့်အထက်၊ ငလျင်လှုပ်ခြင်း အကြိမ် ၁၅၇၀ ခန့်၊ ပြင်းထန်တောမီးလောင်ခြင်း အကြိမ် ၄၅၀ စသော အချက်အလက်များအရ ကမ္ဘာ့နေရာအနှံ့အပြားတွင် မတူညီသော သဘာဝဘေးများအား တွေ့ကြုံခံစားရလျက်ရှိနေကြသည်။ ကမ္ဘာ့တစ်နေရာ၌ မိုးခေါင်ရေရှားချိန်တွင် အခြားတစ်နေရာမှာ ရေကြီးနေခြင်းမျိုး ဖြစ်နိုင်ပါသည်။

၂၀၂၅ ခုနှစ်သည်လည်း သဘာဝဘေးအန္တရာယ်များ ပြင်းထန်ခဲ့သောနှစ်တစ်နှစ် ဖြစ်ပါသည်။ ဟာရီကိန်းမာလီဆာ၊ လော့အင်ဂျလိစ်တောမီးစသည့် အပြင်းထန်ဆုံး သဘာဝဘေးဒဏ် ၁၀ ခုတည်းကပင် ဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၁၂၀ ခန့် ပျက်စီးစေခဲ့သည်။ လူ ၅၄၀၀ ကျော် သေဆုံးခဲ့သော မြန်မာငလျင်အပါအဝင် ပြင်းအား ရစ်(ခ်)တာစကေး ၇ အထက် ငလျင် ၁၆ ကြိမ် လှုပ်ခတ်ခဲ့ပြီး ပြင်းထန်မိုးခေါင်ရေရှားဖြစ်စဉ် သုံးခု၊ အပူလှိုင်းဖြစ်စဉ် နှစ်ခု၊ မီးတောင်ပေါက်ခြင်း ခြောက်ခု စသည်ဖြင့် သဘာဝ၏ ဘေးဒဏ်များအား ခံစားခဲ့ရသော နှစ်တစ်နှစ်ဖြစ်ပါသည်။ ရေကြီးမှုဖြစ်စဉ်များနှင့်ပတ်သက်၍ ၂၀၂၅ ခုနှစ်အတွင်းတွင် ကမ္ဘာတစ်ဝန်း၌ ၂၈ ခု ဖြစ်ပွားခဲ့ပြီး အာရှတိုက်တွင် ရေကြီးရေလျှံမှု ၁၄ ခု ခံစားခဲ့ရပါသည်။ ထိုသဘာဝဘေးအန္တရာယ်များ၏ တိုက်ရိုက်ဆိုးကျိုးသက်ရောက်မှုအား လူဦးရေ ၈၇ ဒသမ ၈ သန်းကျော် တွေ့ကြုံခံစားခဲ့ရပြီး တိုက်ရိုက်ဆုံးရှုံးမှု အမေရိကန်ဒေါ်လာဘီလီယံ ၂၈၀ ရှိသည်ဆိုသော်လည်း သွယ်ဝိုက်ဆုံးရှုံးမှုအား တစ်ကမ္ဘာလုံးမှ ခံစားခဲ့ရသည်ဟု ပြောလျှင် မှားမည်မဟုတ်ပါ။

သဘာဝအလျောက်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များအား လုံးဝမဖြစ်ပေါ်စေခြင်း၊ အပြီးရပ်တန့်စေခြင်းငှာ မည်သူမှမစွမ်းသာပါ။ လျှောင်မလှုပ်နှင့်ဟု တားထား၍မရသလို မိုးမကြီးပါနှင့်ဟုလည်း တောင်းပန်နိုင်မည်မဟုတ်ပါ။ သို့ရာတွင် ဘေးအန္တရာယ်ဖြစ်ပွားမှု အကြောင်းရင်းများ၌ သဘာဝပတ်ဝန်းကျင်ထိခိုက်စေမှုများ၊ စက်မှုလုပ်ငန်းများကြောင့် ကမ္ဘာ့ပူနွေးမှုပြင်းထန်လာစေခြင်းများ စသည့် လူသားတို့၏ ဆောင်ရွက်မှုအမှားများ ပါဝင်သည်ဖြစ်ရာ ထိုကဲ့သို့ ဆောင်ရွက်မှုများအား စနစ်တကျစီမံဆောင်ရွက်ပြုပြင်ခြင်းဖြင့် ဘေးအန္တရာယ်ပြင်းထန်မှုအား သက်သာလျော့ပါးစေနိုင်မည် ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါကလည်း ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန်၊ ထိခိုက်မှုလျော့ပါးသက်သာစေရန် ကြိုတင်တွက်ချက်ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။

**ကမ္ဘာကြီးပူနွေးလာမှု၏ ဆိုးကျိုးများ**

ရာသီဥတုဖောက်ပြန်၍ သဘာဝဘေးအန္တရာယ်များ ပိုမိုပြင်းထန်လာခြင်း၏ အဓိကအကြောင်းရင်းမှာ ကမ္ဘာကြီးပူနွေးလာမှုဖြစ်ပါသည်။ ရေခဲတောင်များအရည်ပျော်မှု၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု၊ မိုးခေါင်ရေရှားမှု၊ ပြင်းထန်မိုးများရွာသွန်းမှု၊ အပူလှိုင်းများဖြစ်ပေါ်မှု၊ ပြင်းထန်မုန်တိုင်းများဖြစ်ပေါ်လာမှု၏ အဓိကရင်းမြစ်သည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်သည် စံချိန်တင်အပူဆုံးနှစ်ဖြစ်ခဲ့ပြီး ၁၈၅၀-၁၉၀၀ ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၅၅°C ခန့် ပိုပူပြင်းခဲ့ပါသည်။ ၁၈၅၀ ပြည့်နှစ်မှ ယခုအချိန်အထိ ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့သည် သုံးနှစ်ဆက်တိုက် အပူဆုံးနှစ်များ ဖြစ်ကြပါသည်။ ထို့အတူ ၂၀၁၅-၂၀၂၅ ဆယ်စုနှစ်သည်လည်း ယခုအချိန်အထိ ကမ္ဘာ့အပူဆုံးဆယ်စုနှစ် ဖြစ်ခဲ့ပါသည်။ ဤအချက်အလက်များအရ ကမ္ဘာ့အပူချိန်သည် အရှိန်အဟုန်နှင့် တိုးတက်လျက်ရှိနေပြီး စနစ်တကျ ထိန်းချုပ်မှုများမရှိပါက ဤရာစုနှစ်အကုန်တွင် ကမ္ဘာကြီးပူနွေးလာမှုသည် စက်မှုခေတ်မတိုင်မီကာလ အပူချိန်ထက် ၂ ဒသမ ၈°C ပိုမိုများပြားလာနိုင်သည်ဟု ခန့်မှန်းကြကြောင်း သိရှိရပါသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ၁၉၇၀ ပြည့်နှစ်များမှစ၍ ကမ္ဘာ့ရေခဲတောင်ရေခဲမြစ် ၃၀ ရာခိုင်နှုန်းခန့်သည် အရည်ပျော် ပျောက်ကွယ်သွားကြပြီဖြစ်သည်။ ထိုသို့ ကမ္ဘာမြေအား ဖုံးလွှမ်းထားသည့် အေးမြသောရေခဲမြစ်များ အရည်ပျော်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုများလာကာ ကမ္ဘာမြေ၏ ပူနွေးမှုသံသရာသည်လည်း အဆုံးမရှိလည်ပတ်နေပါသည်။ ထိုသံသရာအား လူသားများကြောင့် သစ်တောပြုန်းတီးမှု၊ စက်မှုလုပ်ငန်းများ၊ ကားများမှ ကာဗွန်ထုတ်လွှတ်မှု၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေမှုများက ဝန်းရံထောက်ပံ့နေကြသည်။ ကမ္ဘာ့သစ်တောများ၏ ၃၀ ရာခိုင်နှုန်းသည် ပြုန်းတီးသွားကြပြီဖြစ်ပြီး ယခုအခါတွင် ကမ္ဘာမြေပြင်ဧရိယာ၏ ၃၁ ရာခိုင်နှုန်းခန့်သာ သစ်တောအဖြစ် ကျန်ရှိတော့သည် ဖြစ်ပါသည်။ တစ်နှစ်လျှင် သစ်တောမြေဟက်တာ ၁၂ သန်းခန့် ဆုံးရှုံးနေပြီး သစ်တောအား မှီခိုအသက်ရှင်သန်ရသည့် ဇီဝမျိုးကွဲများအားလည်း ဆုံးရှုံးရလျက်ရှိနေပါသည်။

ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာပေါ်ရှိရေကန်ကြီးများ၏ ၇၀ ရာခိုင်နှုန်းသည် လျင်မြန်စွာ ခန်းခြောက်လာနေကြပြီး ကမ္ဘာ့လူဦးရေသုံးပုံနှစ်ပုံသည် ရေရှားပါးမှုအား ခံစားနေကြရပါသည်။ ရေရှားပါးမှုသည် ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါဘယထူပြောခြင်း၊ လူနေမှုနိမ့်ကျခြင်းတို့အားလည်း အဖော်ခေါ်လာတတ်သေးသည်ဖြစ်ရာ ၂၁ ရာစု ကမ္ဘာ၏ အဓိကစိန်ခေါ်မှု ဖြစ်လာပါသည်။ ကမ္ဘာ့မြို့ကြီး ၁၀၀ ကျော်သည် ပြင်းထန်သော သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရပြီး အချို့မြို့များသည် မြို့ပြရေပေးဝေမှု လုံးဝပျက်စီးသွားနိုင်သည့် "Day Zero" သို့ နီးကပ်လျက်ရှိနေကြပါသည်။

ရေခဲတောင်များမှ အရည်ပျော်စီးဆင်းလာသောရေများကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာကာ ကမ်းရိုးတန်းမြို့ပြများ၏ ရှင်သန်တည်ရှိမှုအားလည်း ခြိမ်းခြောက်လာလျက်ရှိပါသည်။ ကမ္ဘာ့မြို့ကြီးအများစုသည် ကုန်စည်စီးဆင်းမှုလွယ်ကူသော ပင်လယ်ကမ်းရိုးတန်းများတွင် တည်ရှိကြသည်ဖြစ်ရာ

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ထိုမြို့များသည် **“ဖောင်စီးရင်း ရေငတ်”** ဆိုသကဲ့သို့ ပင်လယ်ရေမြင့်လာမှုကြောင့် ရေနစ်မြုပ်ခြင်းဘေးအန္တရာယ်နှင့် သောက်သုံးရေရှားပါးမှု ဘေးအန္တရာယ်နှစ်မျိုးလုံးအား ကြုံတွေ့လာနေရသည်။

လေ့လာမှုများအရ ၂၀၃၀ ပြည့်နှစ်တွင် ရေရှားပါးမှုကြောင့် လူသန်း ၇၀၀ ကျော် ရွှေ့ပြောင်းနေထိုင်ရနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း သိရှိရပါသည်။ ထိုကဲ့သို့သော ပြောင်းရွှေ့မှုများကြောင့် လူမှုစီးပွားနှင့် အခြားအခြေအနေများ မတည်မငြိမ်ဖြစ်ခြင်း၊ လူဦးရေထူထပ်မှုကြောင့် ကူးစက်ရောဂါများ ပိုမိုကူးစက်ပြန့်ပွားလာနိုင်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ကုလသမဂ္ဂအချက်အလက်များအရ ကမ္ဘာ့လူဦးရေ ၁၁ ဦးတွင် တစ်ဦးသည် ငတ်မွတ်ခေါင်းပါးခြင်းဘေးအားခံစားနေရကြောင်း သိရှိရပါသည်။ ထို့ကြောင့် သဘာဝဘေးဒဏ်များ လျော့ပါးစေရန်အတွက် ကမ္ဘာပူနွေးမှုကဲ့သို့သော ဖြစ်စဉ်များအား စနစ်တကျဖြေရှင်းဆောင်ရွက်ကြရန် အရေးတကြီးလိုအပ်လျက်ရှိနေပါသည်။

**မြန်မာနိုင်ငံနှင့် သဘာဝဘေးဒဏ်များ**

မြန်မာနိုင်ငံ၏ ပထဝီဝင်တည်ရှိမှုအနေအထားအရ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းစသည်တို့ကို ခံစားရလေ့ရှိပါသည်။ အိန္ဒိယ၊ ယူရေးရှား၊ ဆွန်ဒါးနှင့် ဘားမားခေါ် မြေထုအချပ်လေးလွှာကြားတွင်တည်ရှိပြီး တက်ကြွသော ဘူမိဗေဒဖြစ်စဉ်များကြောင့် ငလျင်များ ဖြစ်ပေါ်လေ့ရှိသည်။ အဓိက ငလျင်ကြောပြတ်ရွှေ့ငါးခုရှိပြီး အကြီးမားဆုံးနှင့် အဆိုးရွားဆုံး ပျက်စီးစေခဲ့သော ပြတ်ရွှေ့မှာ စစ်ကိုင်းပြတ်ရွှေ့ဖြစ်ပါသည်။ စစ်ကိုင်းပြတ်ရွှေ့သည် တောင်ဘက် ကပ္ပလီပင်လယ်ပြင်မှ မြောက်ဘက်သို့ မိုင် ၈၇၀ ရှည်လျားကာ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးစသည့် မြန်မာ့မြို့ကြီးအများစုသည် ထိုပြတ်ရွှေ့ကြောတစ်လျှောက်တွင် တည်ရှိနေကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၁၇၆၂ ရခိုင်ငလျင်၊ ၁၈၃၉ အင်းဝငလျင်၊ ၁၉၃၀ ပဲခူးငလျင်မှသည် ၂၀၂၅ မန္တလေးငလျင်ကြီးအထိ ဆိုးရွားပြင်းထန်သော ငလျင်ကြီးများအား ခံစားခဲ့ရသည်။ ၂၀၂၅ ခုနှစ် မတ်လတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးသည် ငလျင်ပြင်းအား ၇ ဒသမ ၇ ဖြင့် မြန်မာ့ဒုတိယအကြီးမားဆုံးနှင့် ဒုတိယသေဆုံးမှုအများဆုံးငလျင်ဖြစ်ခဲ့ကာ ၂၀၂၅ ခုနှစ်၏ ကမ္ဘာ့အသေအပျောက် အများဆုံးငလျင်လည်းဖြစ်ခဲ့သည်။ လူဦးရေ ၅၄၀၀ ခန့် သေဆုံးခဲ့ရပြီး နေအိမ်တိုက်တာအဆောက်အအုံ လမ်းတံတားများစွာ ပျက်စီးခဲ့ရပြီး ကျပ် ၃၆၂၉ ဒသမ ၂၈၈ ဘီလီယံခန့် ဆုံးရှုံးခဲ့ရပါသည်။

မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်နေပြီး မုန်တိုင်းများအားလည်း မကြာခဏတွေ့ကြုံခံစားရလေ့ရှိပါသည်။ သမိုင်းတစ်လျှောက်တွင် နာဂစ် (၂၀၀၈)၊ ဂီရိ (၂၀၁၀)၊ ကိုမန် (၂၀၁၅)၊ မိုခါ (၂၀၂၃)၊ ရာဂီ (၂၀၂၄) စသည့် မုန်တိုင်းကြီးများစွာကို တွေ့ကြုံခဲ့ရပြီး ၂၀၀၈ ခုနှစ် မေလတွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းသည် အပြင်းထန်ဆုံးဖြစ်ခဲ့ကာ ပြည်သူပေါင်း တစ်သိန်းသုံးသောင်းကျော် အသက်ဆုံးရှုံးခဲ့ကာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉ ဘီလီယံကျော်ဆုံးရှုံး၍ မြောက်အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများအနက် ပျက်စီးဆုံးရှုံးမှုအများဆုံး မုန်တိုင်းတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွက် အခြားဆိုးရွားသော သဘာဝဘေးဒဏ်မှာ ရေကြီးခြင်းဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပဲခူး၊ ဧရာဝတီ စသည့်မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသများတွင် ရေကြီးရေလျှံမှုအန္တရာယ်အား နှစ်စဉ်ခံစားကြရလေ့ရှိပါသည်။ ထို့ပြင် မိုးပြင်းထန်မှု၊ တောင်ကျချောင်းရေစီးဆင်းမှုများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင်လည်း လျှပ်တစ်ပြက်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိကြပါသည်။ ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းသက်ရောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင်နေရာများစွာတွင် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပါသည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့် မှန်လုံအိမ်အကျိုးသက်ရောက်မှုများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတို့သည် **“မြေပူရာကင်းမှောင့်”** ဆိုသကဲ့သို့ တစ်နှစ်ထက်တစ်နှစ် ပူပြင်းခြောက်သွေ့လာမှု၊ သောက်သုံးရေရှားပါးလာမှုများလည်း တွေ့ကြုံခံစားနေရပါသည်။ အထူးအာရုံပြုရမည့်အချက်မှာ ၂၀၂၄ ခုနှစ် ဧပြီလတွင် အပူလှိုင်းဖြစ်

**“ရာသီဥတုသည် နယ်နိမိတ်မျဉ်းမရှိ။ သဘာဝဘေးအန္တရာယ်တို့သည် နိုင်ငံကြီးငယ် ဆင်းရဲချမ်းသာမခွဲခြား။ တိမ်တို့သည် ကောင်းကင်တွင် ခရီးဆန့်နေသကဲ့သို့ ရေတို့သည်လည်း ကမ္ဘာအနှံ့ ခရီးဆက်လျက်ရှိကြသည် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လေထုညစ်ညမ်းမှုသည် အခြားနိုင်ငံတစ်နိုင်ငံမှ ပြည်သူတို့၏ ကျန်းမာရေးအား ထိခိုက်စေနိုင်ပါလိမ့်မည်။ နိုင်ငံတစ်နိုင်ငံမှ ပင်လယ်တွင်းသို့ စွန့်ပစ်လိုက်သောအမှိုက်သည် အခြားနိုင်ငံတစ်နိုင်ငံ၏ ရေနေသတ္တဝါတို့အား သေကျေစေပါလိမ့်မည်။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ခြင်းသည် ဝတ္တရားမဟုတ်ဘဲ မဖြစ်မနေဆောင်ရွက်သင့်သည့် တာဝန်တစ်ရပ်သာ ဖြစ်ပါသည်”**

သန်းမှုကြောင့် မြန်မာနိုင်ငံ ချောက်မြို့သည် အပူချိန် ၄၈ ဒသမ ၂°C ဖြင့် ကမ္ဘာ့အပူဆုံးမြို့အဖြစ် စံချိန်တင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် ကမ္ဘာတွင်ရော မြန်မာတွင်ပါ ငလျင်၊ မုန်တိုင်း၊ ရေဘေးစသည့် ဘေးဒဏ်တို့အား ရှေးကာလများကထက် အကြိမ်ရေစိပ်စိပ် ပိုမိုတွေ့ကြုံလာရသည်မှာ ထင်ရှားလျက်ရှိပါသည်။

**သဘာဝဘေးဒဏ် လျော့ပါးရေး**

ရာသီဥတုသည် နယ်နိမိတ်မျဉ်းမရှိ။ သဘာဝဘေးအန္တရာယ်တို့သည် နိုင်ငံကြီးငယ် ဆင်းရဲချမ်းသာမခွဲခြား။ တိမ်တို့သည် ကောင်းကင်တွင် ခရီးဆန့်နေသကဲ့သို့ ရေတို့သည်လည်း ကမ္ဘာအနှံ့ ခရီးဆက်လျက်ရှိကြသည် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လေထုညစ်ညမ်းမှုသည် အခြားနိုင်ငံတစ်နိုင်ငံမှ ပြည်သူတို့၏ ကျန်းမာရေးအား ထိခိုက်စေနိုင်ပါလိမ့်မည်။ နိုင်ငံတစ်နိုင်ငံမှ ပင်လယ်တွင်းသို့ စွန့်ပစ်လိုက်သောအမှိုက်သည် အခြားနိုင်ငံတစ်နိုင်ငံ၏ ရေနေသတ္တဝါတို့အား သေကျေစေပါလိမ့်မည်။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ခြင်းသည် ဝတ္တရားမဟုတ်ဘဲ မဖြစ်မနေဆောင်ရွက်သင့်သည့် တာဝန်တစ်ရပ်သာ ဖြစ်ပါသည်။

ရာသီဥတုဆိုင်ရာ တိကျမှန်ကန်သော အချက်အလက်များသည် နေ့စဉ်ဝတ်ဆင်သော ဝတ်စုံရွေးချယ်မှုမှစ၍ ခရီးလမ်းကြောင်းရွေးချယ်မှု၊ ကုန်ပစ္စည်းထုတ်လုပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် လေကြောင်း၊ ရေကြောင်း ခရီးသွားလာရေးလုပ်ငန်းများအား လွှမ်းမိုးချုပ်ကိုင်ထားပါသည်။ ယနေ့ကမ္ဘာ့ရင်ဆိုင်နေရသော မိုးလေဝသဖြစ်စဉ်များသည် နိုင်ငံတစ်နိုင်ငံတည်း အင်အားဖြင့် အချက်အလက်စုဆောင်းဖြေရှင်းနိုင်မည့် ကိစ္စရပ်များမဟုတ်ပါ။ ကမ္ဘာလုံးဆိုင်ရာလေ့လာတိုင်းတာမှု အချက်အလက်မျှဝေခြင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်ခြင်းများအား နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

**“သံကြိုးတစ်ချောင်း၏ပကတိစွမ်းရည် ဆိုသည်မှာ အားအနည်းဆုံးအဆက်ပိုင်း၏ စွမ်းရည်ကိုသာ သတ်မှတ်နိုင်သည်”** ဟူသော ဆိုရိုးစကားနှင့်အညီ ကမ္ဘာ့သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်မှု၏ အရှိတရားသည်လည်း အားနည်းသောနိုင်ငံများ၏ အချက်အလက်ရရှိမှု၊ ချိတ်ဆက်ဆောင်ရွက်နိုင်မှုတို့အပေါ်မူတည်ပါသည်။ ခနအင်အားနှင့် နည်းပညာကွာခြားမှုများကြောင့် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ စက်မှုလုပ်ငန်းလေထု ရေထုညစ်ညမ်းမှုများအား ဖွံ့ဖြိုးဆဲနိုင်ငံများမှ ခါးစည်းခံကြရလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးမှုသည် ကြိုတင်မခန့်မှန်းနိုင်ခြင်း၊ အသိပေးချက်တားမြစ်ချက်မထုတ်ပြန်ခြင်း၊ ထုတ်ပြန်ထားသော သတင်းအချက်အလက်များအား လိုက်နာရန် အလေးထားဂရုမပြုခြင်း စသည်တို့ကြောင့်ဖြစ်ရာ ထိုကွက်လပ်များအား ဖြည့်တင်းပေးနိုင်မည့် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ တည်ရှိမှုနှင့်စီမံခန့်ခွဲမှုသည် များစွာအရေးကြီးလှပါသည်။

**ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ဆောင်ရွက်ချက်များ**

ကမ္ဘာ့မိုးလေဝသ တိုင်းတာစောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၁၈၇၃ ခုနှစ်တွင် နိုင်ငံတကာမိုးလေဝသအဖွဲ့ (International Meteorological Organization, IMO) ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဆင့်မြှင့်တင်၍ ၁၉၅၀ ပြည့်နှစ် မတ်လ ၂၃ ရက်တွင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO) အား စတင်ဖွဲ့စည်းခဲ့ပါသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်သည် ကုလသမဂ္ဂ၏ အထူးပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာ့လေထု၊ ရာသီဥတု၊ ရေအရင်းအမြစ်နှင့် ဇလဗေဒဆိုင်ရာသိပ္ပံပညာရပ်များတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်တည်ထောင်ခဲ့ပါသည်။ အဓိက ဆောင်ရွက်ချက်များတွင် မိုးလေဝသအချက်အလက်များ အချိန်နှင့်တစ်ပြေးညီဖလှယ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို စောင့်ကြည့်ခြင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်းနှင့် စံနှုန်းများသတ်မှတ်ခြင်းတို့ ပါဝင်သည်။

ရုံးချုပ်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် တည်ရှိပြီး အဖွဲ့ဝင်နိုင်ငံများနှင့် နယ်မြေများသည် ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသစောင့်ကြည့်လေ့လာမှုစနစ် (Global Observing System) ကို ထူထောင်၍ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာအချက်အလက်များ ဖလှယ်ခြင်းနှင့် သုတေသနပြုမှုများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်ကြိုတင်ခန့်မှန်းမှုနှင့် ရာသီဥတုပြောင်းလဲမှုများကို လေ့လာရာတွင် အမျိုးသားမိုးလေဝသဌာနများအဖြစ် အရေးပါသော အခန်းကဏ္ဍများမှ ပါဝင်လျက်ရှိကြသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်းအဖွဲ့ (Intergovernmental Policy on Climate Change–IPCC) အား ပူးတွဲတည်ထောင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် IPCC သည် အမေရိကန် ဒုတိယသမ္မတဟောင်း အယ်လ်ဂိုးနှင့်အတူ နိုဘယ်ဆု ပူးတွဲချီးမြှင့်ခြင်းခံခဲ့ရပါသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ပေါင်းစပ်ညှိနှိုင်းပေးသောစနစ်တွင် မြေပြင်မိုးလေဝသစခန်းပေါင်း ၁၆၃၀၀ ခန့်ပါဝင်ပြီး ၎င်းတို့အနက် ၉၀၀၀ ခန့်သည် ကမ္ဘာ့အခြေခံစောင့်ကြည့်ရေးစနစ်အတွင်း ပါဝင်လျက်ရှိသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့သည် အာကာသအေဂျင်စီနှင့် အဖွဲ့အစည်း ၉၀ ခု တို့မှ စီမံခန့်ခွဲလျက်ရှိသော ဂြိုဟ်တု ၄၀၀ ကျော်၊ မိုးလေဝသပူဖောင်း ၁၀၀၀၊ သင်္ဘော ၁၀၀၀၊ ရေကြောင်းပြဗော်ရာ ၄၀၀၀ စသည်တို့ဖြင့် လေထု၊ ကုန်းမြေ၊ သမုဒ္ဒရာတို့၏ အရေးပါသော အချက်အလက်များကို တိုင်းတာပေးသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ လေကြောင်းပျံသန်းရေး အာဏာပိုင်များနှင့် ကူးသန်းရောင်းဝယ်ရေး လေကြောင်းလိုင်းကုမ္ပဏီ ၄၀ တို့ ပူးပေါင်းဆောင်ရွက်သော ကမ္ဘာလုံးဆိုင်ရာလေယာဉ်မိုးလေဝသ အချက်အလက် စောင့်ကြည့်ထုတ်လွှင့်ပေးပို့ရေးစနစ် (Aircraft Meteorological Data Relay–AMDAR) ဖြင့် လေထုအပူချိန်၊ လေတိုက်နှုန်းနှင့် လားရာတို့ကို နေ့စဉ် အရည်အသွေးမြင့် စောင့်ကြည့်ချက် ၇၀၀၀၀၀ ကျော် ပြုလုပ်ပေးလျက်ရှိသည်။ ထိုတွေ့ရှိချက်များအား WMO ၏ ဘက်စုံအချက်အလက် ကိုင်တွယ်ရေးနှင့် ခန့်မှန်းရေးစနစ် (WMO Integrated Processing and Prediction System – WIPPS) မှတစ်ဆင့် ထုတ်ပြန်ကာ ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းတွင် အထောက်အကူပြုစေပါသည်။

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုလေ့လာစောင့်ကြည့်ရေးစနစ် (Global Climate Observing System)၊ ပေါင်းစည်းထားသော ကမ္ဘာလုံးဆိုင်ရာ လေ့လာစောင့်ကြည့်ရေးစနစ် (WIGOS – WMO Integrated Global Observing System & WIGOS Data Quality Monitoring System – WDQMS)၊ ကမ္ဘာလုံးဆိုင်ရာလေထုစောင့်ကြည့်ရေးကွန်ရက် (Global Atmosphere Watch– GAW) တို့မှတစ်ဆင့် ကမ္ဘာ့မိုးလေဝသအချက်အလက်များအား သိရှိလေ့လာနိုင်ပါသည်။ မှန်လုံအိမ်ဓာတ်ငွေ့အခြေအနေ လေ့လာစောင့်ကြည့်သော (Global Greenhouse Gas Watch–G3W) ကွန်ရက်စနစ်ထူထောင်၍လည်း စောင့်ကြည့်တိုင်းတာရေးနှင့် သုတေသနလုပ်ငန်းများအား ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိုးလေဝသတိုင်းတာရေးအခြေခံအဆောက်အအုံများနှင့် နည်းပညာဖွံ့ဖြိုးရန်အတွက် (Systematic Observations Financing Facility–SOFF) မှတစ်ဆင့် ငွေကြေးနှင့် နည်းပညာအကူအညီများပေးလျက်ရှိပါသည်။ လေ့လာချက်များအရ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ အခြေခံအချက်အလက်ရရှိမှု အခက်အခဲအား ဖြေရှင်းပေးခြင်းဖြင့် အာဖရိကတွင် မိုးလေဝသခန့်မှန်းချက် အမှားနှုန်း ၃၀ ရာခိုင်နှုန်း၊ ပစိဖိတ်ဒေသတွင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်ဟု သိရှိရပါသည်။

ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ကြိုတင်သတိပေးမှုများရရှိခြင်းကြောင့် ဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံအား သက်သာစေခဲ့ပါသည်။ မိုးသည်းထန်မှုများနှင့် အပူလှိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ၂၄ နာရီ ကြိုတင်သတိပေးခြင်းဖြင့် ဆုံးရှုံးမှု ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပါသည်။ ထို့ကြောင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု လျော့ပါးစေရန် ကြိုတင်သတိပေးစနစ်များ (Early Warning System – EWS) များ ဆောင်ရွက်နိုင်ရန်လည်း အားပေးထောက်ပံ့လျက်ရှိပါသည်။ ယခုအခါ ကုလသမဂ္ဂပူးပေါင်းဆောင်ရွက်မှု ‘‘Early Warnings for All by 2027 (၂၀၂၇ အတွက် အားလုံးအတွက် ကြိုတင်သတိပေးချက်များ)’’မှတစ်ဆင့်

*စာမျက်နှာ ၁၂ သို့*

> **“မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်လေ့လာရေးကိစ္စရပ်များအား တက်ကြွစွာပူးပေါင်းမှုအနေဖြင့် ၁၉၇၂ ခုနှစ် ကုလသမဂ္ဂ ပထမအကြိမ် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာညီလာခံ (First UN Environmental Conference)၊ ၁၉၉၂ ခုနှစ် ကမ္ဘာမြေထိပ်သီးအစည်းအဝေး (World Earth Summit) စသောညီလာခံများ၊ အစည်းအဝေးများကို တက်ရောက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (Climate Change Convention)၊ ကျိုတိုသဘောတူစာချုပ် (Kyoto Protocol)၊ Bali Roadmap၊ ပဲရစ်သဘောတူညီချက် (Paris Agreement) အစရှိသည့် စာချုပ်များ၊ သဘောတူညီချက်များစွာကိုလည်း နိုင်ငံတကာနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိ”**

*စာမျက်နှာ ၁၁ မှ*

ကမ္ဘာ့ဒေသအနှံ့အပြားတွင် ဂြိုဟ်တုအချက်အလက်လေ့လာခြင်းနှင့် စောင့်ကြည့်ခြင်း၊ ခန့်မှန်းခြင်းနှင့် သတိပေးနိုင်စွမ်းများကို မြှင့်တင်ရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအား ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့မိုးလေဝသ တိုင်းတာစောင့်ကြည့်မှုများ**

ခေတ်မီနည်းပညာများ မပေါ်ပေါက်ခင်က ရှေးခေတ်မြန်မာတို့သည် မိုးလေဝသအခြေအနေအား ရိုးရာနည်းလမ်းများဖြင့် ခန့်မှန်းခဲ့ကြပါသည်။ ဖားအော်လျှင် မိုးရွာမည်ဟု ခန့်မှန်းသကဲ့သို့ မိုးရွာမည်အား ကြိုတင်သိရှိနိုင်သော နည်းလမ်းများအဖြစ် **“စောင်းဆရာ၊ ယားနာပွေးကွက်၊ ပါဒရက်က၊ ပုရွက်ပလူ၊ အနုပြဒါး၊ ပေါင်းရှစ်ပါး”** ဟူ၍ပင် လင်္ကာရေးစပ် မှတ်သားခဲ့ကြသည်။ ယခုကဲ့သို့ နည်းပညာနှင့်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာသောခေတ်၊ ဆက်သွယ်ရေးစနစ် တိုးတက်လာသောခေတ်တွင်မူ အချက်အလက်လေ့လာစောင့်ကြည့်တိုင်းတာမှုများအား စနစ်တကျဆောင်ရွက်လာနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံမိုးလေဝသဌာနကို ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၃၈ ခုနှစ် ဇန်နဝါရီလတွင် အပြည်ပြည်ဆိုင်ရာ မိုးလေဝသအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် “မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန” အဖြစ် ပြောင်းလဲခေါ်တွင်ခဲ့သည်။ ရည်ရွယ်ချက်များအနေဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကုန်း၊ ရေ၊ လေကြောင်းခရီး လုံခြုံသက်သာချောမွေ့ရေး၊ စားရေရိက္ခာနှင့် စိုက်ပျိုးမှုပိုမိုတိုးတက်ရေး၊ နိုင်ငံတော်စီမံကိန်းနှင့်လုပ်ငန်းများကို အထိရောက်ဆုံး အကျိုးပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတပစ္စည်းများ ကာလကြာရှည်စွာထုတ်ယူအသုံးပြုရေး၊ မိုးလေဝသနှင့် ဇလဗေဒနည်းပညာရပ်များ တိုးတက်ရေးအတွက် သုတေသနပညာပေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ ဖြစ်ကြပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် လေကြောင်းဆိုင်ရာ မိုးလေဝသ၊ ရေကြောင်းဆိုင်ရာမိုးလေဝသ၊ စိုက်ပျိုးရေး မိုးလေဝသအပါအဝင် ဇလဗေဒဆိုင်ရာအချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ တိုင်းတာစောင့်ကြည့်ထုတ်ပြန်ပေးလျက်ရှိပါသည်။ WMO၊ UNFCCC (United Nations Framework Convention on Climate Change)၊ UNDP (United Nations Development Programme) စသည့် နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၄၃ ခုကျော်နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဌာနခွဲ ရှစ်ခုရှိ မိုးလေဝသတိုင်းတာရေးစခန်း၊ ဇလဗေဒစခန်း၊ ဇလဗေဒနှင့်မိုးလေဝသစခန်း၊ လေအရည်အသွေးတိုင်းတာရေးစခန်း၊ စိုက်ပျိုးရေးမိုးလေဝသစခန်း၊ လေကြောင်းမိုးလေဝသခန့်မှန်းရေးရုံး၊ ပင်လယ်ရေမျက်နှာပြင် တိုင်းတာရေးစခန်းများမှ မိုးလေဝသအချက်အလက်များအား အမျိုးအစားပေါ်မူတည်၍ တစ်နေ့လျှင် တစ်ကြိမ်မှ ငါးကြိမ်အထိ အသေးစိတ်တိုင်းတာပေးလျက် ရှိပါသည်။ ထိုအချက်အလက်များအား တွက်ချက်ဆန်းစစ်ခြင်း၊ ဂြိုဟ်တုတိမ်ပုံများကို ဆန်းစစ်လေ့လာခြင်း၊ နိုင်ငံတကာအမျိုးသားမိုးလေဝသဌာနများမှ လွှင့်တင်ထားသော Website များမှ အချက်အလက်၊ တိမ်ပုံများကို ဆန်းစစ်လေ့လာခြင်း၊ Global Telecommunication System (GTS) ဆက်သွယ်ရေးလမ်းကြောင်းမှ ပေးပို့သော အိမ်နီးချင်းနိုင်ငံများ၏ မိုးလေဝသအချက်အလက်များကို လက်ခံရယူ၍ဆန်းစစ်လေ့လာခြင်းများ ဆောင်ရွက်၍ လိုအပ်သောသတင်းများ ထုတ်ပြန်ပေးခြင်း၊ အချက်အလက်မျှဝေခြင်းများအား စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။ မိုးလေဝသဆိုင်ရာ မှတ်တမ်းအချက်အလက်များ ထိန်းသိမ်းခြင်းစနစ် CLICOM (CLImate COMputing) ကို ၁၉၉၉ ခုနှစ်တွင် ထူထောင်ထားရှိလျက် မှတ်တမ်းများကို စနစ်တကျသိမ်းဆည်းခြင်းကိုလည်း ဆောင်ရွက်နေပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် နေ့စဉ်မိုးလေဝသခန့်မှန်းချက်၊ ၁၀ ရက်ပတ်မိုးလေဝသခန့်မှန်းချက် စသည်ကဲ့သို့သော ခန့်မှန်းချက်များ၊ မုန်တိုင်းသတိပေးချက်နှင့် မြစ်ရေကြီးသတိပေးချက်တို့ကဲ့သို့သော သတိပေးချက်များ၊ စံချိန်သစ်များနှင့် မြစ်ရေကြီးသတင်းကဲ့သို့သော သတင်းများအား အချိန်နှင့်တစ်ပြေးညီ တိုင်းတာထုတ်ပြန်ပေးလျက်ရှိပါသည်။ Weather Research and Forecasting (WRF) Model အရ ခန့်မှန်းချက်များ၊ MTSAT Satellite image နှင့် Radar Image များမှတစ်ဆင့် ရာသီဥတုအခြေအနေအား တိုက်ရိုက်ကြည့်ရှုနိုင်စေခြင်း၊ (Rainfall, Runoff and Inundation, RRI) Model အရ တွက်ချက်ရေးဆွဲထားသော ဒေသအလိုက် ရေလွှမ်းမိုးမှုပြမြေပုံများ စသည့်နိုင်ငံတကာအဆင့်မီ ခေတ်မီနည်းပညာအသုံးချထုတ်ပြန်မှုများအား ဆောင်ရွက်လျက် ရှိပါသည်။

**သဘာဝဘေးကာကွယ်ဖို့**
**နေ့စဉ်တိုင်းတာစောင့်ကြည့်စို့**

သဘာဝဘေးအား စနစ်ကျစွာစီမံခန့်ခွဲခြင်းအတွက် တိကျသောအချက်အလက်များ တိုင်းတာစောင့်ကြည့်ခြင်း၊ အချက်အလက်ဖလှယ်ခြင်း၊ ခေတ်မီနည်းပညာအသုံးပြုခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တိကျသောဥပဒေ၊ နည်းဥပဒေရေးဆွဲခြင်းတို့သည် မဖြစ်မနေလိုအပ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်လေ့လာရေးကိစ္စရပ်များအား တက်ကြွစွာ ပူးပေါင်းမှုအနေဖြင့် ၁၉၇၂ ခုနှစ် ကုလသမဂ္ဂ ပထမအကြိမ် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာညီလာခံ (First UN Environmental Conference)၊ ၁၉၉၂ ခုနှစ် ကမ္ဘာမြေထိပ်သီးအစည်းအဝေး (World Earth Summit) စသောညီလာခံများ၊ အစည်းအဝေးများကို တက်ရောက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (Climate Change Convention)၊ ကျိုတိုသဘောတူစာချုပ် (Kyoto Protocol)၊ Bali Roadmap၊ ပဲရစ်သဘောတူညီချက် (Paris Agreement) အစရှိသည့် စာချုပ်များ၊ သဘောတူညီချက်များစွာကိုလည်း နိုင်ငံတကာနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ စိုက်ပျိုးရေးနိုင်ငံဖြစ်သောကြောင့် မြန်မာ့မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၉၄ ဒသမ ၄၇ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ထုတ်လွှတ်ခြင်းဖြစ်သော်လည်း အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အလွန်နည်းပါးသော ပမာဏဖြစ်ပါသည်။ ကုလသမဂ္ဂ၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းအား သစ်တောဖြင့် ဖုံးလွှမ်းထားကြောင်း သိရှိရရာ “အချိန်မီချုပ် အစုတ်သက်သာ” ဆိုသကဲ့သို့ ထိန်းသိမ်းရန် အချိန်မီသောကာလဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူညီချက်အရ စက်မှုခေတ်ကာလမတိုင်မီ ရှိခဲ့သော ကမ္ဘာ့အပူချိန်မှ ၁ ဒသမ ၅°C ထက်မပိုအောင် ထိန်းထားနိုင်ရန် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအား လျင်မြန်စွာလျှော့ချရမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ အသားတင်ထုတ်လွှတ်မှု သုညအထိဖြစ်လာစေမည့် မျှော်မှန်းချက်တွင်လည်း မြန်မာနိုင်ငံသည် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၀ ပြည့်နှစ်မှစပြီး နှစ်စဉ်မပျက်ကျင်းပခဲ့ပြီး **“အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ”** ၏ ဦးဆောင်မှုဖြင့် သဘာဝဘေးလျော့ပါးကာကွယ်နိုင်ရေးအား စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

အချက်အလက်တိကျစွာရရှိမှု၊ အချိန်မီ သတင်းထုတ်ပြန်မှုနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် ကြီးမားသောမုန်တိုင်း၏ ဆုံးရှုံးမှုအား လျှော့ချပေးနိုင်ကြောင်း မိုခါမုန်တိုင်းကာလ ဆောင်ရွက်မှုများနှင့် အခြားဆောင်ရွက်မှုများမှ လုံလောက်စွာသက်သေပြခဲ့ပြီး ဖြစ်ပါသည်။ တိုင်းတာရရှိသော အချက်အလက်များမျှဝေခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ပြည်တွင်းဌာနအဖွဲ့အစည်းများနှင့် ပြည်ပအဖွဲ့အစည်းများအားလုံး စည်းလုံးစွာ ပူးပေါင်းဆောင်ရွက်၍ အားသာချက်၊ အားနည်းချက်များအား အတူတကွ ဖြေရှင်းဆောင်ရွက်ပါက သဘာဝဘေးအန္တရာယ်များအား လျှော့ပါးသက်သာစေမည် ဖြစ်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနအပါအဝင် မိုးလေဝသအချက်အလက်များနှင့် ဆက်စပ်ဆောင်ရွက်ရသော အခြားဌာနများတွင်လည်း နေ့စဉ်တိုင်းတာ စောင့်ကြည့်မှတ်တမ်းတင်ထားသည့် အချက်အလက်များအား ဌာနအချင်းချင်းဖြစ်စေ၊ ပညာရေးကဏ္ဍ ကောလိပ်တက္ကသိုလ်တို့နှင့်ဖြစ်စေ မျှဝေချိတ်ဆက်အသုံးပြုနိုင်မည် ဖြစ်ပါသည်။

အခြားအရေးကြီးသောအချက်မှာ လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှုဖြစ်ပါသည်။ ခေတ်မီနည်းပညာအသုံးပြုနိုင်မှုသည် ယခုကဲ့သို့သော AI (Artificial Intelligence) ခေတ်အတွင်းတွင် မရှိမဖြစ် လိုအပ်လာပြီဖြစ်ပါသည်။ ခန့်မှန်းချက်များ ပိုမိုတိကျလာသည်။ ကြိုတင်ပြင်ဆင်ချိန် လုံလောက်စွာရလာကြသည်။ နည်းပညာအကူအညီဖြင့် မုန်တိုင်းအခြေအနေတည်နေရာရေဒါဓာတ်ပုံ စသည်တို့အား လူထုမှ အလွယ်တကူကြည့်ရှုနိုင်လာသည်။

သတင်းစောင့်ကြည့်မျှဝေပေးသူများ၏ ခေတ်မီတိကျမှုသည် အရေးကြီးသကဲ့သို့ပင် သတင်းစောင့်ကြည့်လက်ခံသော ပြည်သူလူထု၏ အမြော်အမြင်ရှိမှု၊ အမှားအမှန်ပိုင်းခြားမှုတို့သည်လည်း အရေးကြီးပါသည်။ အင်တာနက်ပေါ်မှ ကောလာဟလသတင်းများ၊ ချဲ့ကားရေးသားထားသော သတင်းများအား ယုံကြည်မှုမရှိစေရန်လည်း လိုအပ်သည်ဖြစ်ရာ အသိပညာပေးမျှဝေခြင်းများ ဆောင်ရွက်ရန်လည်း လိုအပ်လှပါသည်။

အချုပ်အားဖြင့် သဘာဝဘေးကာကွယ်ရေးအတွက် မိုးလေဝသအချက်အလက်များသည် မရှိမဖြစ်သောအချက်အလက်များဖြစ်ရာ နေ့စဉ်တိုင်းတာစောင့်ကြည့်မှုသည် သာမန်ဆောင်ရွက်မှုမဟုတ်ဘဲ လက်ရှိကမ္ဘာကို ထိန်းသိမ်းကာကွယ်ခြင်းသာမက မိမိတို့ အနာဂတ်မျိုးဆက်များအတွက် စိမ်းလန်းသာယာအေးချမ်းသော ကမ္ဘာအား အမွေပေးရန် ဖန်တီးနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် **“သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့”** ဟု ၂၀၂၆ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့အား ကဗျာတစ်ပုဒ်ရေးစပ်၍ နှုတ်ဆက်ဂုဏ်ပြုအပ်ပါသည်။

**“သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့”**

သဘာဝဘေး၊ ငလျင်ရေးနှင့်
ရေကြီးမိုးခေါင်၊ တောမီးလောင်ပြီး
ပူအိုက်ကျစ်ရဲ၊ မီးနီခဲသို့
ဤကမ္ဘာသည် ဖောက်လွဲဖောက်ပြန်…။
(ဒါ့ကြောင့်)
ဂြိုဟ်တုကွန်ရက်၊ လွှမ်းခြုံယှက်ပြီး
နည်းပညာမြှင့်၊ စနစ်ဖွင့်ကာ
နေ့စဉ်တိုင်းတာ၊ ခွဲစိတ်ဖြာလို့
ကြေညာဝေမျှ၊ မိုးလေဝသ သတင်း
ရာသီဥတု ကုစားခြင်းတွေ..။
(တကယ်တော့…)
မုန်တိုင်းသတင်းလေးတစ်ချက်ဟာ
အသက်များစွာအတွက် တကယ့်အရေးပေါ်…။
အပူချိန် သတိပေးစာရင်းတစ်ခုကလဲ
ကမ္ဘာမြေကို ဖေးမကယ်တင်ခြင်းပဲမို့…
သဘာဝဘေးတွေ ကာကွယ်ဖို့
နေ့စဉ်တိုင်းတာ စောင့်ကြည့်ကြပါစို့…..။

ရည်ညွှန်း–
https://www.moezala.gov.mm/,
https://wmo.int/site/worldmeteorological-day-2026/how-does-observing-system-work , https://www.theguardian.com/environment

## ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

နေပြည်တော် မတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ မတ် ၂၂ ရက်က ဘိန်းစိုက်ခင်း စုစုပေါင်း ၁၂ ဧကခန့်ကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၂ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် ဖက်ရမ်းလေးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ခုနစ်ဧကခန့်ကို လည်းကောင်း။

ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ ၁၀ နာရီ မိနစ် ၅၀ အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် ပင်စုံ(မြောက်) ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ငါးဧကခန့်ကို လည်းကောင်း ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား




ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။

## ပန်းတောင်းမြို့နယ်အတွင်းရှိ ဆောင်းဆီထွက်သီးနှံ(မြေပဲ) ရိတ်သိမ်းမှု တာဝန်ရှိသူများစစ်ဆေး

ပန်းတောင်း မတ် ၂၃

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ လူမှုစီးပွားဘဝမြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်းဖြင့် ဆောင်ရွက်သည့် ချမ်းမြသာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ၁၃ ဦး စိုက်ပျိုးထားသော ဆင်းပဒေသာ(၁၁)၊ ဗီယက်နမ်မြေပဲမျိုးစိုက်ဧက ၄၅ ဧက၏ ရိတ်သိမ်းမှုအခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုရာ ပန်းတိုင်အထွက်နှုန်းကျော်လွန်၍ တစ်ဧကလျှင် မြေပဲတင်း ပျမ်းမျှအထွက်နှုန်း ၈၇ တင်းထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် မတ် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "အရိုးလေး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥဿာမြို့သစ် (၈)ရပ်ကွက်နေ စည်သူဟိန်း(ခ)မေ့ကြီးအား ညနေ ၅ နာရီခွဲတွင် ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပထမနေ့)ကျင်းပ

နေပြည်တော် မတ် ၂၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့(ပထမနေ့)အဖြစ် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၁၃၁၇၈ ပါး/ဦးအနက် ၁၁၂၄၅ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၅ ဒသမ ၃၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ကြီးတံခွန်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

မန္တလေး မတ် ၂၃

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ မီးလောင်မီးလန့်မှု မဖြစ်စေရေးအတွက် တာဝန်ရှိသူများက မတ် ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍မီးသတ်တပ်ဖွဲ့ဝင်များက ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ စက်ရုံအတွင်း တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးစနစ်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခြင်း၊ မီးဘေးစိုးရိမ်ရသောရပ်ကွက်အတွင်းရှိ လူနေအိမ်များကို တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ 191 Report Application အား ထည့်သွင်းပေးခြင်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ၂၀၂၆ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာ ဒိုင် အောက်ဆိုက်</th><th>နိုက် ထရိုဂျင် ဒိုင် အောက်ဆိုက်</th><th>အို ဇုန်း</th><th>ကာဗွန် မို နောက်ဆိုက်</th></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# စက်သုံးဆီအတွက် ရန်ပုံငွေများ ဂျပန်ပိုမိုလိုအပ်မည်

**တိုကျို မတ် ၂၃**

စက်သုံးဆီအတွက် ထောက်ပံ့ငွေများပေးဆောင်ရန် ငွေပိုမိုလိုအပ်မည်ဟု ဂျပန်အစိုးရက ယုံကြည်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော်ပြထားသည်။

ယခုအခါ အရှေ့အလယ်ပိုင်းပဋိပက္ခနှင့်ပတ်သက်၍စိုးရိမ်မှုများ မြင့်တက်လာချိန်တွင် အာဏာပိုင်များသည် အရေးပေါ်ရန်ပုံငွေများကို အသုံးပြုရန် စီစဉ်နေကြသည်။




ထောက်ပံ့ငွေများကို လွန်ခဲ့သော သီတင်းပတ်က စတင်အသုံးပြုခဲ့သည်။ ကနဦးထောက်ပံ့ကြေးရန်ပုံငွေ ယန်း ဘီလီယံ ၂၈၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံခန့် ထည့်ဝင်သုံးစွဲလျက်ရှိသည်။

သို့သော် ထောက်ပံ့ငွေများ ရေရှည်ဆက်လက် စီးဆင်းနေစေရန် နောက်ထပ်ရန်ပုံငွေများ လိုအပ်နေသည်ဟု အစိုးရအနေဖြင့် ယုံကြည်ကြောင်း သတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

တာဝန်ရှိသူများသည် အရန်ရန်ပုံငွေမှ ယန်း ဘီလီယံ ၈၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့်ကို အသုံးပြုရန် စီစဉ်နေကြသည်။ အဆိုပါရန်ပုံငွေသည် မတ်လတွင်ကုန်ဆုံးမည့် ဘဏ္ဍာနှစ်အတွက်ဖြစ်ပြီး ယခုကဲ့သို့ အသုံးပြုမှုကြောင့် ရန်ပုံငွေများ မကြာမီကာလအတွင်း လုံးဝကုန်ဆုံးတော့မည်ဖြစ်သည်။

ပျမ်းမျှဓာတ်ငွေ့ဈေးနှုန်းသည် လွန်ခဲ့သော သီတင်းပတ်က တစ်လီတာလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ခန့် မြင့်တက်လာခဲ့သည်။

ရန်ပုံငွေများစိုက်ထည့်ခြင်း၏ ရည်ရွယ်ချက်မှာ ပျမ်းမျှဓာတ်ငွေ့ဈေးနှုန်း တစ်လီတာလျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာခန့်အထိ ဈေးနှုန်းကန့်သတ်ထားရန်ဖြစ်သည်။

ဒီဇယ်ဆီ၊ စက်မှုလုပ်ငန်းသုံး လောင်စာဆီ၊ ရေနံဆီအတွက် အလားတူအစီအစဉ်များကိုလည်း ချမှတ်ထားသည်။

**အင်န်အိတ်ချ်ကေ**

# ယူဂန္ဓာနိုင်ငံရဲတပ်ဖွဲ့က အရှေ့ပိုင်းဒေသ၌ ဆင်စွယ် ၁၀၆ ကီလိုဂရမ်ကို သိမ်းဆည်းရမိ

**ကမ်ပါလာ မတ် ၂၃**

ယူဂန္ဓာနိုင်ငံအရှေ့ပိုင်း ဘူကီဒီယာခရိုင်၌ ဆင်စွယ် ၁၀၆ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း ယူဂန္ဓာတောရိုင်းတိရစ္ဆာန်အာဏာပိုင်အဖွဲ့ (UWA) က ပြောကြားသည်။

ရဲတပ်ဖွဲ့သည် ယူဂန္ဓာတောရိုင်းတိရစ္ဆာန် အာဏာပိုင်အဖွဲ့နှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းအတွင်း သံသယရှိသူငါးဦးကို ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက လူမှုကွန်ရက်မီဒီယာ၌ မတ် ၂၃ တွင် ပြောကြားသည်။

အလားတူ နိုင်ငံမြောက်ပိုင်း နွိုယာခရိုင်၌ အလေးချိန် ၁၅၄ ကီလိုဂရမ်ရှိသည့် ဆင်စွယ်အကြမ်းထည် အပိုင်းအစ ၁၀ ခုကို သိမ်းဆည်းရမိခဲ့ပြီး နောက်တစ်လခန့်အကြာတွင် ယခုလို သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း သိရသည်။ ယူဂန္ဓာနိုင်ငံ၌ ဆင်စွယ်မှောင်ခိုကူးခြင်းမှာ ကြီးလေးသည့်ပြစ်ဒဏ်တစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ၊ ဓာတ်ပုံ-TRT Afrika's Post**





# ဖိလစ်ပိုင်နိုင်ငံ၌ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကြောင့် ဓာတ်ဆီဆိုင် ၄၀၀ ကျော် ပိတ်ထား

**မနီလာ မတ် ၂၃**

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်မှုကြောင့် ဆီဆိုင် ၄၀၀ ကျော် လုပ်ငန်းရပ်တန့်ခဲ့ကြောင်း ဖိလစ်ပိုင် အမျိုးသားရဲတပ်ဖွဲ့ (PNP) က မတ် ၂၃ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း ပိတ်ထားသည့် ဆီဆိုင်အရေအတွက်မှာ မတ် ၁၈ ရက်က ၂၇၃ ဆိုင်ရှိရာမှ ယခုအခါ ၄၀၃ ဆိုင်အထိ တိုးလာကြောင်း ဖိလစ်ပိုင် အမျိုးသားရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ Randulf Tuano က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

PNP က နိုင်ငံတစ်ဝန်း ဓာတ်ဆီဆိုင်စုစုပေါင်း ၁၄၃၁၃ ဆိုင်ကို စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး နိုင်ငံ၏လက်ရှိ စက်သုံးဆီ တင်သွင်းမှုမှာ ဧပြီလလယ်အထိ ကြာမြင့်မည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

PNP သည် နိုင်ငံ၏ ဒေသအများအပြား၌ တရားမဝင် စက်သုံးဆီ ရောင်းချခြင်း၊ သိုလှောင်ခြင်းနှင့် အမြတ်ထုတ်ခြင်းတို့နှင့် ဆက်စပ်သည့် ကိစ္စများကို မှတ်တမ်းတင်ထားပြီးဖြစ်ကြောင်း ပြောသည်။

**ဆင်ဟွာ၊**
**ဓာတ်ပုံ-The Filipino Times**

# နီပေါနိုင်ငံ၌ နိုင်ငံခြားကုန်သွယ်မှု မြင့်တက်

**ခတ္တမန္ဒူ မတ် ၂၃**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမရှစ်လအတွင်း နီပေါနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် မြင့်တက်လာကြောင်း အကောက်ခွန်ဦးစီးဌာနက မတ် ၂၂ ရက်တွင် ပြောသည်။

နီပေါနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏသည် ၂၀၂၅ ခုနှစ် ဇူလိုင်လလယ်မှ ၂၀၂၆ ခုနှစ် မတ်လလယ်အထိ ၁၃ ဒသမ ၅၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး နီပေါရူပီး ၁ ဒသမ ၄၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉ ဒသမ ၉၁ ဘီလီယံ) အထိ ရောက်ရှိခဲ့ကြောင်း၊ နီပေါနိုင်ငံ၏ ယမန်နှစ်အလားတူကာလ၏ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ နီပေါရူပီး ၁ ဒသမ ၃၀ ထရီလီယံရှိခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံ၏ ပို့ကုန်သည် ပြီးခဲ့သည့်ဘဏ္ဍာနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀ ဒသမ ၈၃ ရာခိုင်နှုန်း မြင့်တက်မှုရှိပြီး နီပေါရူပီး ၁၉၁ ဒသမ ၁၁ ဘီလီယံအထိ ရောက်ရှိခဲ့သည်။ သွင်းကုန်ကဏ္ဍတွင်လည်း ယမန်နှစ် အလားတူ ကာလကထက် ၁၂ ဒသမ ၅၄ ရာခိုင်နှုန်း မြင့်တက်မှုရှိပြီး နီပေါရူပီး ၁ ဒသမ ၂၈ ဘီလီယံအထိ ရှိခဲ့သည်။

**ဆင်ဟွာ**



# ဆူဒန်နိုင်ငံ၌ ဆေးရုံတိုက်ခိုက်ခံရ၊ သေဆုံးသူ ၆၀ ကျော်ရှိ

ခါတွန် မတ် ၂၃

**ဆူဒန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဆေးရုံတစ်ရုံပစ်ခတ်တိုက်ခိုက်ခံရမှုမှ သေဆုံးသူပေါင်း ၆၀ ကျော်လွန်လာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ပြောသည်။**

သေဆုံးသူများထဲတွင် ကလေးငယ် ၁၃ ဦး၊ သူနာပြု နှစ်ဦး၊ ဆရာဝန်တစ်ဦးနှင့် လူနာအများအပြား ပါဝင်သည်ဟု ဆိုသည်။ ဆူဒန်နိုင်ငံ၌ လက်နက်ကိုင်အဖွဲ့ နှစ်ခုအကြား ပဋိပက္ခဖြစ်ပွားမှုများမှာ ၂၀၂၃ ခုနှစ်နောက်ပိုင်း ပြင်းထန်လျက်ရှိသည်။

မတ် ၂၀ ရက် ညပိုင်းက ဆေးရုံကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် လက်ရှိတွင် ဆေးရုံလည်ပတ်နိုင်ခြင်းမရှိတော့ကြောင်း၊ ကလေးအထူးကုဌာန၊ မီးဖွားဌာနနှင့် အရေးပေါ်ဌာနတို့ ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း WHO ညွှန်ကြားရေးမှူးချုပ်တက်ဒရို့စ်အက်ဟာနွန် ဂါဘရီယက်ဆုက လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။

ဆူဒန်နိုင်ငံ၌ လွန်ခဲ့သည့်သုံးနှစ်က လက်နက်ကိုင်နှစ်ဖွဲ့အကြား ပဋိပက္ခစတင်ဖြစ်ပွားချိန်မှ စတင်ကာ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို အကြိမ် ၂၀၀ ကျော် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၀၀၀ ကျော် သေဆုံးမှုဖြစ်ပွားကြောင်း WHO အကြီးအကဲက ပြောသည်။




ထို့အပြင် ဆူဒန်နိုင်ငံ၌ ပဋိပက္ခဖြစ်ပွားမှုများကို လျှော့ချပြီး အရပ်သားများ၊ ကျန်းမာရေးလုပ်သားများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်သားများအပေါ် အကာအကွယ်ပေးရန် အချိန်တန်ပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုး ဓမ္မာစရိယစာမေးပွဲဖြေဆိုနေမှုများအား သွားရောက်ဖူးမြော်ကြည်ညို



နေပြည်တော် မတ် ၂၃

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာဇမ္ဗူဟာ သာသနဝ္ဗိမာန်နှင့် လယ်ဝေးမြို့နယ် ချမ်းမြေ့ရိပ်သာ၌ ဓမ္မာစရိယ စာမေးပွဲ ပထမနေ့ စတင်ဖြေဆိုနေမှုများအား ဖူးမြော်ကြည်ညို၍ ကြီးကြပ်ဆရာတော်များအား အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အစိုးရဓမ္မာစရိယ စာမေးပွဲ (ပထမနေ့)ပါရာဇိကဏ်ဘာသာရပ်အား လယ်ဝေးမြို့နယ်တွင် သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ် ၁၈၂ ပါး၊ ပျဉ်းမနားမြို့နယ်တွင် ၂၂၂ ပါး၊ တပ်ကုန်းမြို့နယ်တွင် ၁၁၁ ပါး ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းကလည်း နေပြည်တော် ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လယ်ဝေးမြို့နယ် သာစည်ကျေးရွာအဝင်၌ Box Culvert နှစ်စင်း တည်ဆောက် ပြုပြင်ခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပေါက်ပင်သာကျေးရွာတွင် ဦးနေလင်း၏ ကြက်မွေးမြူရေးခြံတွင် အသားတိုးကြက် မွေးမြူထားရှိမှုနှင့် ရုံးတောကျေးရွာ ကွင်းအမှတ် ၁၈၃၆၊ တောင်သူဦးထွန်းထွန်းနိုင်၏ ချောင်းမငယ်ဆည်ရေသောက် လယ်မြေ ၁၀ ဧကနှင့် ကျေးရွာတောင်သူများ၏ လယ်မြေများ၌ နံ့ကောက်စပါးကို မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန်၊ မြေပြုပြင်ခြင်းများကိုလည်း စနစ်တကျဆောင်ရွက်ပြီးစိုက်ပျိုးရန် ဆွေးနွေးပြောကြားသည်။

မြို့နယ်( ပြန်/ဆက်)

## မြင်းခြံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်

မြင်းခြံ မတ် ၂၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံကွန်ပျူတာသင်တန်း(အခမဲ့)ကို ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

"နွေရာသီကျောင်းပိတ်ရက်မှာ အခြေခံပညာအလယ်တန်းကျောင်းသား ကျောင်းသူတွေ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတတစ်ခုခုရရှိစေဖို့ရည်ရွယ်ပြီး မြင်းခြံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ဦးဆောင်ပြီး အခြေခံကွန်ပျူတာသင်တန်းကို အခမဲ့ဖွင့်လှစ်ပေးတာဖြစ်ပါတယ်" ဟု ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ပြောသည်။

"ကွန်ပျူတာအခြေခံကို သိရှိနားလည်ပြီး ကွန်ပျူတာနဲ့သက်ဆိုင်တဲ့ မိမိတို့ဝါသနာပါရာလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့နဲ့ နွေရာသီကျောင်းပိတ်ရက်မှာ ကျောင်းသား ကျောင်းသူတွေ အချိန်ကိုလစ်ဟာမှုမရှိစေဘဲ အတတ်ပညာတစ်ခုခုတတ်မြောက်စေဖို့ ကွန်ပျူတာအခြေခံကို သင်ကြားပေးတာဖြစ်ပါတယ်" ဟု သင်တန်းနည်းပြဆရာ ဦးကျော်စွာဟိန်းက ပြောသည်။

အဆိုပါ နွေရာသီ အခြေခံကွန်ပျူတာသင်တန်းကို မတ်၂၃ ရက်မှ ဧပြီ ၁ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ချစ်ဦးနွေ(မြင်းခြံ)



## လှည်းကူးမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲဖြေဆို

လှည်းကူး မတ် ၂၃

သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို မတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ လှည်းကူးမြို့နယ် နိဗ္ဗာန်ဆိပ်ဦးကျောင်းအတွင်းရှိ သာသနာလင်္ကာရသိမ်တော်ကြီး၌ ကျင်းပသည်။

ယနေ့တွင် ကျမ်းရင်း ပါရာဇိကကဏ္ဍ ပါဠိအဋ္ဌကထာ (ပထမနေ့)၊ ၂၄ ရက်တွင် ပါရာဇိကကဏ္ဍ ပါဠိအဋ္ဌကထာ (ဒုတိယနေ့)၊ ၂၅ ရက်တွင် ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာ (ပထမနေ့)၊ ၂၆ ရက်တွင် ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာ (ဒုတိယနေ့)၊ ၂၇ ရက်တွင် ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိ အဋ္ဌကထာ (ပထမနေ့)၊ ၂၈ ရက်တွင် ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိ အဋ္ဌကထာ (ဒုတိယနေ့)၊ ၂၉ ရက်တွင် မြန်မာဂုဏ်ထူးတန်း၊ ၃၀ ရက်တွင် ပါဠိဂုဏ်ထူးတန်း (ပထမနေ့)၊ ၃၁ ရက်တွင် ပါဠိဂုဏ်ထူးတန်း (ဒုတိယ) နေ့တို့ကို ဖြေဆိုသွားကြမည်ဖြစ်ပြီး အစိုးရဓမ္မာစရိယ စာမေးပွဲသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုန္ဒာဝုဓနှင့်အဖွဲ့ဝင်ဆရာတော်များ၊ အစိုးရဓမ္မာစရိယ စာမေးပွဲကြီးကြပ်ရေးဥက္ကဋ္ဌ ဘဒ္ဒန္တမေဓိယာဘိဝံသ (ကုသလကာရီကျောင်းတိုက်)နှင့် အဖွဲ့ဝင်ဆရာတော်များက လိုအပ်သည်များ မိန့်ကြားသည်။



အဆိုပါစာမေးပွဲသို့ မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော် အပါး ၆၀၊ သီလရှင် လေးပါး စုစုပေါင်း ၆၄ ပါးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်းနှင့် ဌာနဆိုင်ရာများ၊အလှူရှင်များက ဆရာတော်ကြီးများအား နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းပြီး စာဖြေသံဃာတော်များအား အအေးနှင့်ရေသန့်ကို မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
  - (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  - (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
  - (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
  - (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  - (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  - (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  - (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  - (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  - (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
  - (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  - (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
  - (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  - (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
  - (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  - (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ အခမ်းအနားမှူးသင်တန်းဖွင့်

**ပုသိမ် မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူး သင်တန်းကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးခင်မောင်ကြည် က အခမ်းအနားဆိုသည်မှာ သတ်မှတ်ထားသော အချိန်၊ နေရာနှင့်



ပုံစံတကျ ဓလေ့ထုံးတမ်းများ သို့မဟုတ် နိုင်ငံတော်အဆင့် ရည်ရွယ်ချက် များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသောပွဲများဖြစ်ကြောင်း၊ အခမ်း အနား အောင်မြင်ချောမွေ့စေရေးအတွက် အရေးကြီးဆုံးသည် အခမ်း အနားမှူး (Master of Ceremony)(MC)က ဦးဆောင်စီစဉ်ပေးရသူများ ဖြစ်သဖြင့် သင်တန်းမှပို့ချချက်များကို အကောင်းဆုံးလေ့လာသင်ယူပြီး အခမ်းအနားများစွာကို ဦးဆောင်ကျင်းပနိုင်သော အခမ်းအနားမှူး ကောင်းများဖြစ်အောင် ကြိုးစားသင်ယူကြစေလိုကြောင်း မှာကြား သည်။

အဆိုပါသင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ နှင့် အခြေခံပညာကျောင်းများမှ ဆရာမများ စုစုပေါင်း ၃၆ ဦး တက်ရောက် ကြပြီး တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူရည်က အခမ်းအနားမှူးတစ်ဦးတွင်ရှိရမည့် အဓိကအရည်အချင်းများ၊ MC ၏ ရုပ်ပိုင်းဆိုင်ရာများ၊ ဝတ်စားဆင်ယင်မှု၊ ကြိုတင်ပြင်ဆင်မှု၊ အခမ်းအနားမှူးတစ်ဦး ဆောင်ရန်/ရှောင်ရန်များ၊ အသံပိုင်းဆိုင်ရာ၊ မိုက်အသုံးပြုမှု၊ ခန်းမအတွင်းဆောင်ရွက်သည့်အခမ်း အနားများ၊ ခန်းမပြင်အခမ်းအနားများ စသည့်အချက်အလက်များအား မတ်၂၃ မှ ၂၅ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ် ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

**ထန်းတပင် မတ် ၂၃**

(၃၈)ဖြာမင်္ဂလာ တရားတော်မြတ်များကို လိုက်နာကျင့်သုံးနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တော်လတဲ့ ကျေးရွာရှိ ရတနာ့ဗိမာန်ကျောင်း၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ကို မတ် ၂၂ ရက် နံနက်ပိုင်းက ဖွင့်လှစ်သည်။

အခမ်းအနားတွင် ရတနာ့ဗိမာန်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ထန်းတပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ၏ သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ဦးဝိမလာဘိဝံသထံသို့ မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အတွင်း ရေးမှူး ဦးရန်လင်းအောင်တို့က အသင်းဝင်ကတ်များနှင့် YMBA မှ ထုတ်ဝေသည့် (၃၈)ဖြာမင်္ဂလာ စာအုပ်များကို ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား စာအုပ်၊ ဘောပင် များနှင့် အာဟာရဒါနအဖြစ် ကြာဆံကြော်များကို လှူဒါန်းပေးကြသည်။

နွေရာသီယဉ်ကျေးလိမ္မာသင်တန်းများဖြစ်သည့် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ (KG)အဆင့်သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၂၀၊ (၃၈)ဖြာ မင်္ဂလာနှင့်ဗုဒ္ဓဝင်၊ ပြည်သူ့နီတိအခြေခံပထမအဆင့်



သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၄၁ ဦး စုစုပေါင်း နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းသို့ကျောင်းသား ကျောင်းသူ ၆၁ ဦး တက်ရောက် လျက်ရှိပြီး သင်တန်းကို မတ် ၂၂ ရက်မှ ၂၈ ရက်အထိ နေ့စဉ်ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# စလင်းမြို့နယ်၌ နွေရာသီ အားကစားသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**စလင်း မတ် ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီကကြီးမှူး၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်သော နွေရာသီအားကစားသင်တန်းများ၏ သင်တန်းဖွင့်ပွဲကို မတ် ၂၀ ရက်က စလင်းမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းသီဟဇော်က အမှာစကားပြောကြားသည်။ ဆက်လက်၍



မြို့နယ်ပညာရေးမှူး ဦးဇော်နိုင်က နွေရာသီအားကစားသင်တန်းဖွင့်လှစ် ရခြင်း၏ ရည်ရွယ်ချက်များနှင့် မြို့နယ်အားကစားမှူး ဒေါ်ဇင်မာဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက် နွေရာသီကျောင်းပိတ်ရက် များတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားနည်းအခြေခံ များကို လေ့လာလိုက်စားခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးပြုတတ်၍ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသည့် အားကစားမောင်မယ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အားကစားသင်တန်းသား သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်ထောက်ကူအားကစားပစ္စည်းများ ကိုပေးအပ်ကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နွေရာသီအားကစားသင်တန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ် သည်။

အဆိုပါသင်တန်းတွင် ကျောင်းသား ကျောင်းသူ ၃၂၅ ဦးခန့် နွေရာသီ အားကစားသင်တန်းတက်ရောက်ကာ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဘော်လီဘော၊ ဘတ်စကက်ဘောနှင့် ပိုက်ကျော်ခြင်း အားကစားသင်တန်းများကို မတ် ၂၀ ရက်မှ မေ ၂၀ ရက်အထိ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**



# တိုက်ကြီးမြို့နယ်၌ နွေရာသီ အင်္ဂလိပ်စာသင်တန်း အခမဲ့ဖွင့်

**ရန်ကုန် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ နွေရာသီအင်္ဂလိပ်စာသင်တန်း ကို ယနေ့နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန လူထုအခြေပြုဗဟိုဌာန၌ အခမဲ့ဖွင့်လှစ်သင်ကြားသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က ကျောင်းသင်ခန်းစာများအပြင် အင်္ဂလိပ်စာ၏ အခြေခံကဏ္ဍဖြစ်သော နားထောင်ခြင်း (Listening)၊ ပြောဆိုခြင်း (Speaking)၊ ဖတ်ရှုခြင်း(Reading)၊ ရေးသားခြင်း(Writing) စသည့် စွမ်းရည်လေးမျိုးလုံးကို ပိုမိုကျွမ်းကျင်လာစေရန်ရည်ရွယ်၍ သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် Active to Passive၊ Direct to Indirect ၊ Wh Question ၊ If Patten ၊ Too to ၊ enough to ၊ Would you mild၊ Do you mild စသည့်အခြေခံသဒ္ဒါများကို နည်းပြဆရာမနှစ်ဦးက သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းသို့ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၂၃ ရက်မှ ဧပြီ ၁၀ ရက်အထိ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသားသုံးဦးနှင့် အမျိုးသမီးငါးဦးတို့ ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ မတ် ၂၂ ရက်က ယာဉ်တိုက် မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသားသုံးဦးနှင့် အမျိုး သမီးငါးဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၂ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် ဝမ်းတွင်း မြို့နယ် ရွှေကံကျေးရွာ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၃၄၂ မိုင် ၁ ဖာလုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ရွှေတောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မိတ္ထီလာမြို့ဘက်မှ မန္တလေးမြို့ဘက်သို့ ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ ဦးသိန်းစိုး (၃၀ နှစ်) မောင်းနှင်လာသည့် MDY-20 5M-xxxx HYUNDAI STAREX ခရီးသည်တင်မော်တော်ယာဉ် သည် အခင်းဖြစ်နေရာအရောက်၌ ၎င်း၏အရှေ့မှ မောင်းနှင်နေသည့် မော်တော်ယာဉ်အား ကျော်တက်မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်း၌ ရပ်တန့်ထားသည့် SHN-27 7L-xxxx MITSUBISHI FUSO ၂၂ ဘီးမော်တော်ယာဉ်နှင့် ၎င်းယာဉ်အား ပြုပြင် နေသည့် မြစ်သားမြို့ ဘူတာရပ်ကွက်နေ ဦးအောင်ဖြိုး(၄၃ နှစ်)၊ မြစ်သား မြို့နယ် ရွှေသူဌေးကျေးရွာနေ ဦးထက်နိုင်ဖြိုး(၃၃ နှစ်)နှင့် ရေကျအင်း ငါးဆူကျေးရွာနေ ဦးရဲဝင်းစိုး(၃၀ နှစ်)တို့အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးအောင်ဖြိုးတွင် ဒဏ်ရာများရရှိကာသေဆုံးခဲ့ပြီး ဦးထက်နိုင်ဖြိုး၊ ဦးရဲဝင်းစိုးနှင့် HYUNDAI STAREX ခရီးသည်တင်မော်တော်ယာဉ်ပေါ်ပါ ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ မခင်ထွေးမွန်(၂၉ နှစ်)၊ ပြည်ဂါတ်ကျေးရွာနေ ဒေါ်ညိုစိမ့်(၄၄ နှစ်)၊ ဘုရားငါးဆူကျေးရွာ နေသူများဖြစ်သည့် ဦးစိုးလွင်(၆၀ နှစ်)နှင့် ဒေါ်သန်းဌေး(၅၀ နှစ်)၊ မြစ်သား မြို့နယ် မြနဒီကျေးရွာနေ မမော်မော်ထွေး(၂၂ နှစ်)၊ ကျောက်ဆည်မြို့နယ် နေ ဒေါ်လှလှ(၇၅ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဦးသိန်းစိုး အား ရွှေတောင်နယ်မြေရဲစခန်း ယာဉ်(ပ)၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၃၃၈/၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိ သည်။

**ရဲပြန်ကြား**

နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်

အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

## မိုင်းယောင်းမြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး

မိုင်းယောင်း မတ် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။



မြို့နယ်ကွင်းဆင်းစိစစ်ရေးအဖွဲ့ (၃) က ဝမ်ဘိုးအုပ်စု နားဖန်းကျေးရွာ၌ မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အကြောင်း၊ မြို့နယ်ကွင်းဆင်းစိစစ်ရေးအဖွဲ့ (၇)က မုန်းလိုက်အုပ်စု ဝမ်လှျံန်းဖိုင်ကျေးရွာ၌ လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေး ပညာပေး ဟောပြောသည်။

မိုင်းယောင်းမြို့တွင် တောမီးရှို့ခြင်းများ မပြုလုပ်စေရေး၊ မီးခိုးမြူငွေ့ ဖုံးလွှမ်းသည့် ကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် မြို့နယ် ကွင်းဆင်းစိစစ်ရေးအဖွဲ့ ၁၁ ဖွဲ့ခွဲ၍ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ က ကြီးကြပ်ပြီး ရပ်ကွက်/ကျေးရွာများ၌ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းမြင့်လှိုင်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

ပန်းတောင်း မတ် ၂၃

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အတွင်းရှိ ပြည်သူများ ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ရှိစေရန်နှင့် ဘေးအန္တရာယ် ကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်သည့် အလေ့အကျင့်များ ရရှိစေရန် ရည်ရွယ်၍ ငလျင်ဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြသခြင်းကို ယနေ့ နံနက်ပိုင်းက ပန်းတောင်းမြို့နယ် ဥဿျှစ်ပင်မြို့ ဆုတောင်းပြည့်နာဂမုနိဘုရား ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိမွန်မွန်ဖြိုးက အမှာစကားပြောကြားပြီး ဝန်ထမ်းများက ငလျင်လှုပ်ခတ်ရခြင်း အကြောင်းရင်းများ၊ ငလျင်လှုပ်ခတ်နေစဉ်အတွင်း လိုက်နာဆောင်ရွက်ရမည့် "ဝပ်၊ ကာ၊ ကိုင်" စနစ်များကို လက်တွေ့သရုပ်ပြသခြင်းနှင့် ငလျင်လှုပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်အချက်များနှင့် ကြိုတင်ပြင်ဆင်ထားရမည့် အရေးပေါ်သုံး ပစ္စည်းများအကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

## ဇီးကုန်းမြို့နယ်၌ နွေရာသီ အခြေခံမြန်မာ့သိုင်းသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ဇီးကုန်း မတ် ၂၃

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာ့သိုင်းအဖွဲ့(ဇီးကုန်း)တို့ ပူးပေါင်း ဖွင့်လှစ်သော အခြေခံမြန်မာ့သိုင်းသင်တန်း ဖွင့်ပွဲခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ် အားကစားခန်းမ၌ ကျင်းပသည်။



အခြေခံမြန်မာ့သိုင်းသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသိုင်း အဖွဲ့ချုပ် အသိအမှတ်ပြု သိဒ္ဓိအောင်သိုင်းပင်မ နာယကဦးညွန့်စိုးက မြန်မာ့သိုင်းအကြောင်း နှင့် သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်း ပြောကြားသည်။ အခြေခံမြန်မာ့သိုင်းသင်တန်း ကို မတ် ၂၃ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် သင်တန်း သား ၄၀ တက်ရောက်လျက်ရှိကြောင်း မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရ သည်။

တင့်ဆွေ(ပြန်/ဆက်)

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။



## ငဖဲမြို့နယ်၌ (၁၅)ကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ငဖဲ မတ် ၂၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဇီးတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်မှ ကြီးမှူး၍ လူငယ်လူရွယ်များ ယဉ်ကျေးလိမ္မာမှုရှိစေရန်၊ ဘာသာရေးအသိဉာဏ်ဗဟုသုတတိုးပွားစေရန်၊ ဘာသာသာသနာနှင့် ထိတွေ့နီးစပ်မှုရရှိစေရန် ရည်ရွယ်၍ (၁၅)ကြိမ်မြောက် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၂၀ ရက်မှစ၍ အဆိုပါကျောင်းတိုက်တွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ဦးစွာ နံနက် ၇ နာရီတွင် ဇီးတောကျောင်းတိုက်ဆရာတော် ဦးကစ္စာယနထံမှ ကျောင်းသား ကျောင်းသူများက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဩဝါဒစကားမိန့်ကြားကာ ဆရာတော် လေးပါးနှင့် ဆရာ ဆရာမ လေးဦးတို့က ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်ခန်းစာများ၊ လောကနီတိနှင့် ဆုံးမစာများကို အဆင့် ငါးဆင့်ခွဲ၍ သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းသို့ ဇီးတောကျေးရွာအုပ်စုမှ အခြေခံပညာမူလတန်း၊အလယ်တန်းနှင့် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ၈၅ ဦး တက်ရောက်ကြ၍ မတ် ၂၀ ရက်မှ ဧပြီ ၁၉ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းဆင်းဆုပေးပွဲကို ဧပြီ ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)



## မချမ်းဘောမြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

မချမ်းဘော မတ် ၂၃

ကချင်ပြည်နယ် မချမ်းဘောမြို့၌ မတ် ၂၇ ရက်နေ့တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်နေ့အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက ဖြန့်ဝေသည်။

အဆိုပါလက်ကမ်းစာစောင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်း ကောက်နုတ်ချက်များ၊ အားသစ်စေကြောင်း ပြည့်သားကောင်းကဗျာ၊ တပ်မတော်အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းပုံသိမှတ်ဖွယ်ရာများ၊ (၈၁)နှစ် မြောက် တပ်မတော်နေ့ဦးတည်ချက်များ၊ ခိုင်ကျည်ရဲဝံ့စွန့်စားသည့် သန္နိဋ္ဌာန်စိတ်ထားဖြင့် ထာဝစဉ်ရှင်သန်ရပ်တည် စာစုများ၊ တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် အစရှိသည့်ဆောင်ပုဒ်များ ပါဝင်သော လက်ကမ်းစာစောင် ၁၀၀ ကို ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယောရွှေနီ(မချမ်းဘော)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ပေါက်ခေါင်းမြို့နယ်၌ (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေ



**ပေါက်ခေါင်း မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ယနေ့ နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်နှင့် လူစည်ကားရာနေရာများတွင် အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်များ၊ (၈၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်၏ စွမ်းရည်သုံးရပ်၊ တပ်မတော်အဆင့်ဆင့် ပြောင်းလဲဖွံ့စည်းပုံ၊ တပ်မတော်သည် အမျိုးသားရေးကိုဘယ်တော့မှ သစ္စာမဖောက်၊ ခိုင်ကျည်ရဲဝံ့စွန့်စားသည့် သန္နိဋ္ဌာန်စိတ်ထားဖြင့် ထာဝစဥ်ရှင်သန်ရပ်တည်၊ မဆုတ်မနစ်တဲ့ ဖွဲလုံ့လနဲ့ ကျေပွန်အောင်ထမ်းဆောင်နှင့် ဆရာ ဇော်မင်းမင်းဦး၏ အားသစ်စေကြောင်း ပြည်သားကောင်း ကဗျာ၊ တပ်မတော်နေ့ ကာတွန်းစသည့် အကြောင်းအရာများ ပါဝင်ပြီး ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

## နတ်မောက်မြို့နယ်၌ တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**နတ်မောက် မတ် ၂၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် တပ်မတော်၏ သမိုင်းကြောင်းနှင့် နေ့ထူးနေ့မြတ်များကို သိရှိနားလည်စေရန်၊ စာဖတ်ခြင်းမှ ရရှိသောဗဟုသုတများကို ပြန်လည်အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာပေစွမ်းရည်ထက်မြက်လာစေရန် အတွက် ရည်ရွယ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲတွင် တပ်မတော်နေ့နှင့် မျိုးချစ်စိတ်ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများ ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**လှဝင်း**

## တွံတေးမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**တွံတေး မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးသတိမူရေး လိုက်လံနှိုးဆော်ခြင်းကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်များရှိ လမ်းဆုံလမ်းခွများ၌ လှည့်လည်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တွံတေးမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသော်ဇင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ပေါ့ဆမီးများမဖြစ်ပေါ်ရေး၊ မီးဖိုများတွင် မီးကြွင်းမီးကျန်များ မရှိစေရေးနှင့် လျှပ်စစ်သုံး လူသုံးကုန်ပစ္စည်းများမှ လျှပ်စစ်ဝိုင်ယာရှော့များ မဖြစ်စေရေး၊ သောက်သုံးရေသိုလှောင်ထားရှိမှုအပါအဝင် မီးသတ်ဆေးဘူး၊ မီးချိတ်/မီးကတ်နှင့် မီးဘေးကာကွယ်ရေးသုံးပစ္စည်းများ စနစ်တကျအသင့်ထားရှိရေးနှင့် မီးလောင်မှုဖြစ်ပေါ်ပါက မီးသတ်ဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ရေးတို့ကို လှည့်လည်နှိုးဆော်ခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



## စစ်ကိုင်းမြို့၌ အိမ်တွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်းပွဲကျင်းပ

**စစ်ကိုင်း မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် ရထားစက်မှုသင်တန်းကျောင်း(ရွာထောင်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း သင်တန်း အမှတ်စဉ် (၆/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) အထွေထွေမန်နေဂျာ ဦးအောင်ကျော်နိုင်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ အိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလ ရက်သတ္တသုံးပတ် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**


လူကုန်ကူးခံရသူများအတွက် ညွှန်းပို့
ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက
ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇)ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်း ခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။ (လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## မော်လမြိုင်မြို့၌ ငှက်ဖျားဘေးအန္တရာယ်အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**မော်လမြိုင် မတ် ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများက မန္တလေးငှက်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့် အသိပညာပေးလှုပ်ရှားမှုအနေဖြင့် ငလျင်ဘေးအန္တရာယ် အသိပညာပေးနှိုးဆော်ခြင်းနှင့်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၂၁ ရက်က မရမ်းကုန်း ရပ်ကွက်၊ ပန်းပဲတန်းရပ်ကွက်၊ ဘိုကုန်း ရပ်ကွက်၊ သိမ်ကုန်းရပ်ကွက်နှင့် အောက်ကျင်း ရပ်ကွက်နှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)တို့၌ ဆောင်ရွက်သည်။



ထိုသို့ အသိပညာပေးနှိုးဆော်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တို့မှ အရာထမ်း၊ အမှုထမ်းများက လမ်းသွား လမ်းလာ ပြည်သူများနှင့် ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေကာ ငလျင်ဘေးအန္တရာယ် နှင့်ပတ်သက်ပြီး ဆောင်ရန်/ရှောင်ရန် အချက် များကို အသိပညာပေးနှိုးဆော်ခဲ့ကြောင်းနှင့် မတ် ၁၆ ရက်မှ ၂၂ ရက်အတွင်း မွန်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ အသိပညာ ပေးဟောပြောခြင်း၊ (၈)ကြိမ်နှင့် အသံချဲ့ စက်ဖြင့် လှည့်လည်နှိုးဆော်ခြင်း (၂၄)ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ဘိုကလေးမြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဘိုကလေး မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် မြို့နယ်တွင်းရှိ ဈေးများ၊ လူနေရပ်ကွက်များသို့ သွားရောက်၍ ပြည်သူများအား (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်း စာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါ သတင်းစကားလက်ကမ်းစာစောင်တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်အဆင့်ဆင့် ပြောင်းလဲဖွံ့စည်းပုံ၊ တပ်မတော်၏ ဂုဏ်၊ ဒြပ်များအား ဖော်ကျူးရေးသားထားသည့် ဆောင်းပါး၊ ဆောင်ပုဒ်၊ ကဗျာ၊ ကာတွန်းများအား ပြည့်စုံစွာထည့်သွင်း အသိပညာပေးထားကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

## ကျောက်ပန်းတောင်းမြို့နယ်၌ နွေရာသီ အခြေခံအင်္ဂလိပ်စကားပြောနှင့် ကိုရီးယားစကားပြောသင်တန်းဖွင့်

**ကျောက်ပန်းတောင်း မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်၌ ကျောင်းသား ကျောင်းသူများ နွေရာသီကာလ အချိန်ကိုအကျိုးရှိစွာ ကုန်ဆုံးစေရန်နှင့် နိုင်ငံရပ်ခြားဘာသာစကားများကို လေ့လာသင်ယူနိုင်စေရန် ရည်ရွယ်၍ အခြေခံအင်္ဂလိပ်စကားပြောနှင့် ကိုရီးယား ဘာသာစကားပြောသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နွယ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ အင်္ဂလိပ်ဘာသာစကားပြောသင်တန်း နည်းပြ ဆရာမ ဒေါ်ချိုသာနှင့် ကိုရီးယားဘာသာ စကားပြောသင်တန်းနည်းပြ ဦးအောင်ပိုင်က သင်တန်းသား သင်တန်းသူ တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားသည်။

အဆိုပါ အင်္ဂလိပ်စကားပြောနှင့် ကိုရီးယား စကားပြော အခြေခံသင်တန်းကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ အခမဲ့ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး မတ် ၂၃ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ၁၀ နာရီ ခွဲအထိ အင်္ဂလိပ်စကားပြောနှင့် ၁၀ နာရီ ၄၅ မိနစ်မှ ၁၂ နာရီအထိ ကိုရီးယားစကားပြော သင်တန်းဟူ၍ နှစ်ချိန် ဖွင့်လှစ် ပေးသွားမည်ဖြစ် ကာ သင်တန်းသို့ လွတ်လပ်ရေး ရပ်ကွက်နှင့် ဈေးကွက်သစ်ရပ်ကွက်တို့မှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦး တက်ရောက် လျက်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)



## ချောက်မြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ချောက် မတ် ၂၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ၂၀၂၆ ခုနှစ် မတ် ၂၇ ရက်နေ့တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက မြို့မ ဈေးနှင့် လူစည်ကားရာနေရာများ၌ အခမဲ့ဖြန့်ဝေပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ဝန်ထမ်းများက လူစည်ကားရာနေရာများဖြစ်သည့် မြို့မဈေး၊ ကားဂိတ်တို့၌ လမ်းသွားလမ်းလာပြည်သူများအား (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

အဆိုပါလက်ကမ်းစာစောင်တွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်အဆင့်ဆင့် ပြောင်းလဲဖွံ့စည်းပုံ၊ တပ်မတော်၏ စွမ်းရည်သုံးရပ်၊ မိန့်ခွန်းကောက်နုတ်ချက်၊ ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းစသည်တို့ ရေးသားဖော်ပြထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မရမ်းကုန်းမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် ရှင်းလင်းဆွေးနွေး

**မရမ်းကုန်း မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မရမ်းကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ယနေ့နံနက်ပိုင်းက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR–EIR) လုပ်ငန်းစဉ်ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။



ဦးစွာ မရမ်းကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစောမြင့်အောင်က ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) စတင်အသုံးပြုဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးဗညားဦးက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR)နှင့်စပ်လျဉ်း၍ အသုံးပြုဆောင်ရွက်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို လည်းကောင်း ရှင်းလင်း ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မှျတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့် အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ မြေတိုင်း (၁၃)၊ ဦးပိုင်အမှတ်(၁၃၆)၊ မြေချိန်ဧရိယာ(၀ဒသမ၁၂၀)ကေရှိ မြေအား ဦးစိုးအောင် မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်း (၃)၊ ဦးပိုင်အမှတ်(၄၁၁)၊ မြေချိန်ဧရိယာ(၀ဒသမ၀၅၅)ကေရှိ မြေအား ဒေါ်သိမ့်သိမ့်ငုံ မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၁)၊ မြေတိုင်း (၂)၊ ဦးပိုင်အမှတ်(၉၈)၊ မြေချိန်ဧရိယာ(၀ဒသမ၀၇၄)ကေရှိ မြေအား ဒေါ်အေးငြိမ်းဇင် မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ဒေါ်စောမြတ်သန္တာ (ဘ) ဦးအောင်သိန်းမောင် နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်ဦး (၁၁/စတန(နိုင်)၀၀၀၉၆၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးတားမြစ်ကြေညာအပ်သည်မှာ -

(၁) ဦးမြတ်ဦးနှင့် ဒေါ်စောမြတ်သန္တာတို့သည်ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ တိုက်အမှတ် (၃၃)၊ (၅လွှာ/အေ)၊ တိုက်ခန်းတွင် အတူပေါင်းသင်းနေထိုင်ရာမှ ဒေါ်စောမြတ်သန္တာသည် (၁၉-၃-၂၀၂၆) ရက်တွင် ခင်ပွန်းဖြစ်သူ၏ သိရှိခွင့်ပြုခြင်းမရှိဘဲ နေအိမ်မှ အကြောင်းမဲ့ မိမိသဘောဆန္ဒအရ ထွက်ခွာသွားခဲ့ပါသည်။ ၎င်းနှင့်အတူ အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းစာချုပ်(မူရင်း)နှင့် ဆက်စပ်စာချုပ်များ အပါအဝင် USD $ 3000 အား ကျွန်ုပ်၏မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ အသိပေးခြင်းမရှိဘဲ တစ်ပါတည်းယူဆောင်သွားခဲ့ပါသည်။

အဆိုပါတိုက်ခန်းသည် ကျွန်ုပ်မိတ်ဆွေ ဦးမြတ်ဦး၏ အမည်ပေါက်ဖြစ်သဖြင့် အဆိုပါတိုက်ခန်းစာချုပ် (မူရင်း)နှင့် ဆက်စပ်စာချုပ်များအား ဦးမြတ်ဦး၏ သဘောတူခွင့်ပြုချက်မရဘဲ အခြားတစ်ပါးသူထံသို့ လွှဲပြောင်း ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းများမပြုလုပ်ပါရန် ဒေါ်စောမြတ်သန္တာနှင့် အများသိစေရန် အသိပေးတားမြစ် ကြေညာအပ်ပါသည်။

ယခုသတိပေးတားမြစ်ကြေညာချက်အား မျက်ကွယ်ပြု၍ မိမိဆန္ဒအတိုင်း ဆောင်ရွက်ခဲ့သည်ရှိသော် ပြုလုပ်သူနှင့် လက်ခံသူတို့၏ တာဝန်ဟုမှတ်ယူလျက် မည်သည့်ငွေကြေးကိစ္စ အရှုပ်အရှင်းကိုမျှ ဦးမြတ်ဦး အနေဖြင့်တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ဒေါ်စောမြတ်သန္တာနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမြတ်ဦး** | **ဒေါ်ခင်နန်းဝေ (LLB.DBL.D.M.L) (ဓာမဏီ)** |
| **(၁၁/စတန(နိုင်)၀၀၀၉၆၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၉၈)** |
| | **အမှတ်(၈၇)၊ ကျောက်မြောင်းလမ်း၊တာမွေမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉-၈၈၉၆၃၇၄၄၃** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/63716, Thai Anbo-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းနု ၈/နမန(နိုင်)၁၂၉၃၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/24992 ၊ ယာဉ်အမည်ပေါက်သူ ဦးကျော်ရင် ၉/မခန(နိုင်)၁၆၉၄၅၄ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/61555, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီအောင် ၉/အမရ(နိုင်) ၁၂၉၃၇ကက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/53828, Honda Wave Alpha 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လွင် ၉/အမရ(နိုင်) ၁၃၂၃၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပတ်စ်ပို့ပျောက်

ကာလိမြို့၊ ရပ်ကွက်(၁)နေ (ဘ)ဦးအိုက်ထွန်း ၏သား စိုင်းစိန်ပွင့် (၁၃/လလန(နိုင်)၁၁၆၃၇၀) ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၆၆၈၉၂၀၂၆၆**

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့နယ်၊ ဟဲကွီရွာနေ (ဘ)ဦးထွန်းမြတ် ၏သမီး မအဲလိဇဘက် (၁၃/ဖခန(နိုင်) ၀၅၃၄၁၀) ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၈၉၂၆၂၄၈၀၈**

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့၊ ညောင်ကုန်း(၁)နေ (ဘ)ဦးမိုးဇက် ၏သမီး မမူကရေစီ(၁၃/ဖခန(နိုင်)၀၇၈၆၆၅) ၏ နိုင်ငံကူးလက်မှတ် အမှတ် (MF-756155) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ -၂၅၅၃၄၇၅၂၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/24027 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး၊ ဟသ်ာတမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၈၁၇၁၉, New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့် ၉/လဝန (နိုင်) ၂၁၄၈၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
# လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများတွင် လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု-စာရင်းစစ်မှူး (လစာနှုန်းကျပ်၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၈၁ | - စီးပွားရေးတက္ကသိုလ်များမှဘွဲ့ရရှိသူ / တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိထားသူ+ မြန်မာနိုင်ငံစာရင်းကောင်စီက ပေးအပ်သည့် ဒီပလိုမာစာရင်းကိုင်လက်မှတ်(DA)ရရှိပြီးသူ<br>- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းဖြစ်ပါက တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားပြီး လုပ်ငန်းဆိုင်ရာ ဌာနတွင်းသင်တန်းတက်ရောက် အောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ခ) | လက်ထောက်စာရင်းစစ်မှူး (လစာနှုန်းကျပ်၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | ၁၈၇ | - စာရင်းပညာနှင့်သက်ဆိုင်သော B.B.M, B.B.Sc(A&F) ဘွဲ့တစ်ခုခုရရှိထားသူ / တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားသူ + စာရင်းပညာနှင့်သက်ဆိုင်သည့် အသိအမှတ်ပြုလက်မှတ်ရရှိထားသူ<br>- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းဖြစ်ပါက တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားသူ |

၂။ လက်ထောက်စာရင်းစစ်မှူးရာထူးနေရာအတွက် ယင်းရာထူးကို ကျော်ထောက်နောက်ခံထား၍ ဒု-လက်ထောက်စာရင်းစစ်မှူးရာထူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ဖြင့် အလုပ်သင်ကာလ အဖြစ်(၆)လပြည့်မြောက်ပြီးမှသာ လက်ထောက်စာရင်းစစ်မှူးရာထူးနေရာသို့ ခန့်ထားမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀-၄-၂၀၂၆ ရက်နေ့တွင် အသက် (၃၀) နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ၊ ပြည်သူ့စစ်မှုထမ်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပုံစံ(၁၂)လက်မှတ်ရရှိသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဌာနတွင်းဝန်ထမ်းဖြစ်ပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ခန့်ထားခြင်းခံရသူများသည် အနည်းဆုံးလုပ်သက်တစ်ဆက်တည်း **၃ နှစ်** တာဝန်ထမ်းဆောင်ရမည်။ တစ်ဆက်တည်းတာဝန် ထမ်းဆောင်ရန် ပျက်ကွက်ပါက ဌာနမှသတ်မှတ်ထားသည့် လျော်ကြေးငွေကို တစ်လုံးတစ်ခဲတည်း ပေးလျော်မည်ဖြစ်ကြောင်း ကိုယ်တိုင်ရေးဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ရာထူးမှထုတ်ပယ်ခြင်း (Removal) ၊ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal) ခံရသူများ လျှောက်ထား ခွင့်မရှိပါ။

၄။ အောက်ဖော်ပြပါ သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်-

(က) အမည်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ဂ) မွေးသက္ကရာဇ်

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(င) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်

(ဆ) အိမ်ထောင်ရှိလျှင် ခင်ပွန်း/ဇနီးအမည်

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(ဈ) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်

(ည) ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီးသူဖြစ်ပါက ထမ်းဆောင်ခဲ့သည့်အမှတ်စဉ်/ခုနှစ်

(ဋ) ဆက်သွယ်ရန်လိပ်စာနှင့်ဆက်သွယ်ရမည့် ဖုန်း / Viber နံပါတ်နှင့် Email Address (ရှိလျှင်)

(ဌ) အမြဲတမ်းနေရပ်လိပ်စာ (အိမ်အမှတ်၊လမ်းအမည်၊ရပ်ကွက်/ ကျေးရွာအုပ်စု၊မြို့နယ် ၊ တိုင်း/ ပြည်နယ်ပြည့်စုံစွာဖော်ပြရန်)

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲ ပေးပို့ရပါမည်-

(က) ဘွဲ့လက်မှတ် **မိတ္တူ** (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် **မိတ္တူ** (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံချက် **မူရင်း** (၃ လအတွင်း)

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံချက် **မူရင်း** (၃ လအတွင်း)

(င) ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီးသူဖြစ်ပါက ပုံစံ(၁၂)လက်မှတ် **မိတ္တူ**

(စ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း (၃လအတွင်း)

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား **မိတ္တူ**

(ဇ) ၃ လအတွင်း ရိုက်ထားသော ပတ်စ်ပို့ ဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံကျောဘက်တွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ဈ) မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်းကတိပြုလွှာ

၆။ လျှောက်ထားသူသည် ရေးဖြေနှုတ်ဖြေစာမေးပွဲများကို အပိုဒ်(၁)ဖော်ပြပါရုံးများ၌ ဖြေဆိုရမည်ဖြစ်ပါသဖြင့် လျှောက်လွှာများကိုဖြေဆိုလိုသည့် စာစစ်ဌာနရှိရာရုံးများသို့ **၂၉-၄-၂၀၂၆ရက်နေ့ (ဗုဒ္ဓဟူးနေ့)** နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်(အမြန်ချောပို့)စနစ်ဖြင့်ဖြစ်စေ ပေးပို့ လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်းမှ လက်ခံရရှိသည့် လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသည့် လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ လျှောက်ထားသူများသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး လျှောက်လွှာတစ်စောင်ကို အချိန်မီစေရန် ကြိုတင်မိတ္တူဟု ရေးသားပေးပို့နိုင်ပါသည်။

၈။ ရေးဖြေစာမေးပွဲကို ဘာသာရပ်တစ်ခုလျှင် (၂) နာရီ မေးခွန်းဖြင့် **၂၃-၅-၂၀၂၆ရက်နေ့(စနေနေ့)** နံနက် (၉:၀၀နာရီမှ ၁:၀၀နာရီ)ထိ အင်္ဂလိပ်စာနှင့် မြန်မာစာ ဘာသာရပ်များကိုလည်းကောင်း၊ မွန်းလွဲ (၂:၀၀နာရီ မှ ၄:၀၀နာရီ)ထိ အထွေထွေဗဟုသုတဘာသာရပ်ကိုလည်းကောင်း နေပြည်တော်စာစစ်ဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင် ကျင်းပမည်ဖြစ်ပါသည်။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်း၊ စာစစ်ဌာနနှင့် ခုံအမှတ်တို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ Website နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး / ပြည်နယ်စာရင်းစစ်ချုပ်ရုံး စာစစ်ဌာနများတွင် ကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို **၂၁ - ၅ -၂၀၂၆ ရက်နေ့**မှစတင်၍ စာမေးပွဲဖြေဆိုသည့်နေ့မတိုင်မီ ကာလအတွင်း တိုင်းဒေသကြီး /ပြည်နယ်စာစစ်ဌာနများတွင် ဖြေဆိုသူများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၌လည်းကောင်း၊ နေပြည်တော်စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂)၊ နေပြည်တော်၌လည်းကောင်း ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်းထုတ်ယူရပါမည်။ စာမေးပွဲဖြေဆိုသည့်နေ့မှ လာရောက် ထုတ်ယူခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းနှင့် လူတွေ့စစ်ဆေးမည့်အစီအစဉ်ကို ဤရုံး၏ Websiteဖြစ်သော www.oagmac.gov.mmနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးစာစစ်ဌာနများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂)၊ နေပြည်တော် (ရုံးချုပ်)၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၇၂၈၈၊ ၀၆၇-၄၀၇၇၆၃၊ ၀၆၇-၄၀၇၃၃၄နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်စာရင်းစစ်ချုပ်ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဌ/၅၁၇၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၉၃၄၃၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော်၏ မိတ်ဆွေဖြစ်သူ ဦးဘသိန်း(၁၂/ဗဟန(နိုင်)၀၁၃၂၀၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၈၅)ရှိ 85 SO HO HOTEL အခန်း(၂၉)ခန်းပါ အဆောက်အအုံအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ထွေး(၁၂/မဂတ(နိုင်)၀၇၇၂၂၀) ထံမှ ကျွန်တော် ဦးဘသိန်း (၁၂/ဗဟန(နိုင်)၀၁၃၂၀၁)က ဝယ်ယူပိုင်ဆိုင်ပြီး ဖြစ်ပါသည်။

ယခုအခါ ဦးဘသိန်း ဝယ်ယူပိုင်ဆိုင်သော 85 SO HO HOTEL အား ပိုင်ရှင်အမည်ပြောင်းခြင်း၊ ဟိုတယ် အမည်ပြောင်းခြင်းများ ပြုလုပ်မည်ဖြစ်ပါသောကြောင့် အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထား မူရင်းများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဟိုတယ် အမည်ပြောင်းခြင်းနှင့် ဟိုတယ်လုပ်ငန်းရှင် အမည်ပြောင်းခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအောင်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၆)**
**ဖုန်း-၀၉-၄၂၁၁၂၃၃၇၁**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

(ဘ)ဦးစိုင်းဝန်းတစ် ၏သမီး တာချီလိတ်မြို့၊ ဟောင်လိတ်(အထက)ကျောင်း ကျောင်းဝင်အမှတ်(၀၁၃၃) Grade-7(D) မှ မနန်းဆုတ်တစ် အား မရဲန်လဝီရဲန်ကျောက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရဲန်လဝီရဲန်ကျောက်**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ဒေါ်နှင်းကေခိုင်(ဘ)ဦးဇော်မင်း ၁/ပတအ(နိုင်)၀၆၁၉၁၉ မှ ဦးမေအောင်မော်(ဘ)ဦးလှမော် ၁၂/တမန(နိုင်)၀၇၈၂၇၂ အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၇-၂-၂၀၂၄ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၆၆၉/၂၀၂၄ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်နှင်းကေခိုင် ၁/ ပတအ(နိုင်)၀၆၁၉၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/76858, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးချို ၉/ပကခ(နိုင်)၀၀၇၃၉၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/25437, Suzuki Fi -150, Rider ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာသန်း ၉/တတဥ(နိုင်)၁၂၁၂၄၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/15744, Veezoom Scoopyi-110, (MC) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းကြည် ၁၃/ဆဆန(နိုင်)၀၉၉၇၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၄၁၊ နည်းဥပဒေ -၁၄)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၂၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် -၄၄၀**

ဦးဖြိုးကျော်သူ နှင့်
၁။ ဦးခင်ဇော်
၂။ ဒေါ်မီမီကျော်လွင်
၃။ ဦးသက်ဝင်း
၄။ ဒေါ်ခင်နန္ဒာ
(အယူခံတရားပြိုင်၃၊ ၄ တို့၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ဝတီစိန်)
၅။ ဦးစိုးမင်းနိုင်
၆။ ဒေါ်အေးဥမ္မာမော်

(အယူခံတရားလို) (အယူခံတရားပြိုင်များ)

၂၀၂၄ ခုနှစ်၊ မေလ ၇ ရက်စွဲပါ သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၅၆/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ဘဝမြင့်ရပ်ကွက်၊ မေခလမ်းသွယ်(၂)၊ အမှတ် (D-5)နေ အယူခံတရားပြိုင်အမှတ် (၃) ဦးသက်ဝင်းနှင့် အယူခံတရားပြိုင်အမှတ်(၄) ဒေါ်ခင်နန္ဒာ(ယခုနေရပ်လိပ်စာမသိသူတို့) သိစေရမည်။

ယခုအမှုတွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၀) ရက်( ၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် (၈) ရက်)တွင်ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

